မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၇)

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံဧည့်သည်တော်အဖွဲ့အား လက်ခံတွေ့ဆုံ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၆

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံ မယ်ဖာ့လုံဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် လွယ်တုန်းဖွံ့ဖြိုးရေးစီမံကိန်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mom Rajawongse Disnadda Diskul နှင့်အဖွဲ့ဝင်များအား ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

## တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၊

*စာမျက်နှာ ၉ ကော်လံ ၁* ●



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ မယ်ဖာ့လုံ ဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် လွယ်တုန်းဖွံ့ဖြိုးရေးစီမံကိန်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mom Rajawong-se˚ Disnadda ˚Diskul အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ထိုင်းနိုင်ငံ မယ်ဖာ့လုံ ဖောင်ဒေးရှင်းမှ အထွေထွေအတွင်းရေးမှူးနှင့် လွယ်တုန်းဖွံ့ဖြိုးရေးစီမံကိန်းမှ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mom Rajawong-se Disnadda Diskul နှင့် အဖွဲ့ဝင်များအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**

မြန်မာ့အလင်း

**ခေါင်းကြီး**

**သတင်း**

**ဆောင်းပါး**

**အညွှန်း**

မြန်မာနိုင်ငံအပေါ် မလိုမုန်းထားရန်ငြိုးဖွဲ့နေသော အဆိုးမြင် ဝါဒီများသည် ၎င်းတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မိမိတို့နိုင်ငံအား ၎င်းတို့၏ ဩဇာခံနိုင်ငံလုပ်ရန် ကြိုးပမ်းမှုများ မအောင်မြင်သဖြင့် ယင်းသို့ မမှန်မကန် စွပ်စွဲမှုများကို ရမယ်ရှာ လုပ်ဆောင်နေကြခြင်းဖြစ်။

ခေါင်းကြီး(စာ-၂)

သူတစ်ပါးနိုင်ငံများကို ဖျက်ဆီးဖြိုချပြီးမှ၊ သူတစ်ပါးနိုင်ငံသားများကို ဒုက္ခရောက်စေပြီးမှ ကိုယ့်နိုင်ငံကောင်းအောင် လုပ်ခြင်းလောက် အောက်တန်းကျ ယုတ်မာမှုမျိုးမရှိတော့ပေ။

တက္ကသိုလ်မြတ်သူ၏ ဆောင်းပါး(စာ-၃)

**အောက်တိုဘာ၅ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၀၆၁ဦးရှိသွားပြီ။**

နိုင်ငံတကာသတင်း (စာ-၄)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်)

# မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများကို ရှင်းရှင်းလင်းလင်းသိမြင် နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တည်ငြိမ်အေးချမ်းသာယာသည့်နိုင်ငံ၊ ဗုဒ္ဓစိုရ်တရားထွန်းကားရာနိုင်ငံ၊ လောကပါလတရားများ ဖြစ်ထွန်းရာ နိုင်ငံဖြစ်သည့်အပြင် ချစ်စကိုရှည်စေပြီးမုန်းစကိုတိုစေသည့် နိုင်ငံဖြစ်သည်။ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ အစဉ်တစိုက်နေထိုင်သော နိုင်ငံလည်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် ခက်ခဲနက်နဲသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေသည်။ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများ အထင်အရှား မြင်တွေ့ရသည်။ ယင်းအခြေအနေတွင် မြန်မာနိုင်ငံသည် နိုင်ငံအချင်းချင်းဆက်ဆံရာတွင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီးများကို လက်ခံကျင့်သုံးနေဆဲပင် ဖြစ်သည်။

ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးများကို သဘောတူ အတည်ပြုခဲ့သည်။ လူသားအချင်းချင်း စည်းလုံးညီညွတ်မှုသည် အဓိကဖြစ်သည်ဆိုသည့် ခံယူချက်အပေါ် အခြေခံကာ ပေါ်ပေါက်လာသည့် အဆိုပါငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်သည် ယနေ့အချိန်ကာလအထိ ဆီလျော်မှန်ကန်နေဆဲပင် ဖြစ်သည်။

ယင်းကဲ့သို့ မှန်ကန်မွန်မြတ်သည့် မူကြီးများအားလျစ်လျူရှုပြီး မိမိအကျိုးကိုရှေ့တန်းတင်ကာ သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက်ခြင်း၊ မမှန်မကန် စွပ်စွဲပြစ်တင်ခြင်းများဖြင့် ဝေဖန်ပုတ်ခတ်နေသည့် ခေတ်သစ် ကိုလိုနီနယ်ချဲ့လက်သစ်များ၏ လုပ်ရပ်များကို အထင်အရှားမြင်တွေ့နေရသည်မှာ ဝမ်းနည်းဖွယ်ရာပင် ဖြစ်သည်။

ကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းရန် အောက်တိုဘာလ ၅ ရက်နေ့က ရန်ကုန်မြို့ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကားပြောကြားခဲ့သည်။

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင်-

**"မိမိနိုင်ငံအပေါ် အမြင်မကြည်လင်သော အင်အားစုများက ကလေးသူငယ်များကို အဓမ္မစစ်မှုထမ်းခိုင်းနေသည့် စွပ်စွဲချက်အပြင် မူးယစ်ဆေးဝါးကိစ္စ၊ လူကုန်ကူးသည့်ကိစ္စ၊ အဓမ္မစေခိုင်းသည့်ကိစ္စ စသည့်ကိစ္စ အမျိုးမျိုးအပေါ် မမှန်မကန်စွပ်စွဲမှုများကို ပြုလုပ်လျက်ရှိကြကြောင်း၊ ရည်ရွယ်ချက်မှာ နိုင်ငံတော်အစိုးရကို သိက္ခာကျစေရန် အကျပ်အတည်း ကြုံတွေ့စေရန်အတွက်ဖြစ်ကြောင်း"**

ရှင်းလင်းပြောကြားသွားသည်။

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏အရေး မိမိတို့ကိုယ်တိုင် မျှော်တွေးပြီး အေးချမ်းသာယာသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်နေသည့် အချိန်အခါသမယတွင် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်နေသယောင်၊ လူ့အခွင့်အရေးချိုး ဖောက်နေသယောင်၊ လူကုန်ကူးမှုများ ရှိနေသယောင်၊ ကလေးသူငယ်များ စစ်မှုထမ်းနေသယောင် စသည့်စွပ်စွဲချက်အမျိုးမျိုးဖြင့် အင်အားကြီးနိုင်ငံအချို့က မလို မုန်းထား ဝေဖန်ပုတ်ခတ်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံအပေါ် မလိုမုန်းထားရန်ငြိုးဖွဲ့နေသော အဆိုးမြင်ဝါဒီများသည် ၎င်းတို့၏အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် မိမိတို့နိုင်ငံအား ၎င်းတို့၏ဩဇာခံနိုင်ငံလုပ်ရန် ကြိုးပမ်းမှုများ မအောင်မြင်သဖြင့် ယင်းသို့ မမှန်မကန် စွပ်စွဲမှုများကို ရမယ်ရှာ လုပ်ဆောင်နေကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊နည်းဥပဒေ၊အမိန့်၊ ညွှန်ကြားချက်များ ရှိပြီးဖြစ်သည့်အပြင် မိမိလူမျိုး၏စေတနာ၊စိတ်နေစိတ်ထားအရလည်း အဓမ္မစေခိုင်းမှုများကို ရှောင်ကြဉ်လျက်ရှိသည်။ ၁၉၉၃ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်ဥပဒေနှင့် ၂၀၀၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ကလေးသူငယ်နည်းဥပဒေများအရ ကလေးသူငယ်များ၏အခွင့်အရေးကို အကာအကွယ်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မိမိတို့နိုင်ငံအား နိုင်ငံတကာနယ်ပယ်တွင် သိက္ခာကျစေရန် မမှန်မကန် လုပ်ကြံစွပ်စွဲပုတ်ခတ်မှုများကို တိုင်းရင်းသားပြည်သူအားလုံးက ရှင်းရှင်းလင်းလင်း သိမြင်သဘောပေါက်ပြီး နိုင်ငံနှင့်လူမျိုး၏ အကျိုးစီးပွားကို စုစည်းညီညွတ်စွာ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# အပြည်ပြည်ဆိုင်ရာဆန့်စပါးနှစ်(၂၀၀၄)စာစီစာကုံး၊ ပိုစတာ၊ ဆောင်းပါးနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၆

**အပြည်ပြည်ဆိုင်ရာဆန်စပါးနှစ်အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ ဆောင်းပါး၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများတွင် ဆုရရှိသူများ၏ အမည်စာရင်းကို သက်ဆိုင်ရာက စက်တင်ဘာ၂၉ရက်တွင် ထုတ်ပြန်ကြေညာသည်။**

**စာစီစာကုံး**

စာစီစာကုံးပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့်၌ ပထမ မဖြူဖြူသိန်း(အထက ရသေ့တောင်)၊ ဒုတိယ မမေဇွန်ဖူး အထက(၁)ပဲခူး၊ တတိယ မောင်ကျော်ဂျန်ဂျန်ဗိုလ် အထက(၂)ရန်ကင်း၊ နှစ်သိမ့်ဆု မိခိုင်သွယ်ဇင် အထက(၃)မြိတ်၊ မောင်ဝင်းမင်းသူ အထက(၆)ပုသိမ်နှင့်မောင်အောင်မြင့် အလက(၁)မြစ်ကြီးနား၊ အခြေခံပညာ အလယ်တန်းအဆင့်၌ ပထမ မသက်ထားဆွေနွယ် အထက(၁) ပြည်၊ ဒုတိယ မဖူးပွင့်နွေးနွေးကို အလက (၄)စစ်တွေ၊ တတိယ မရွှေယမင်းဦး (အထက ပဲနွယ်ကုန်း)၊ နှစ်သိမ့်ဆု မသန္တာချစ်ဆု အထက(၁)ဘားအံ၊ မဆုနန္ဒာအောင် အထက(၃)မြိတ်နှင့် မယဉ်ယဉ်အေး အထက(၇)မော်လမြိုင်၊ တက္ကသိုလ်သိပ္ပံအဆင့်၌ ပထမ မယမင်းထွန်း(စိုက်သိပ္ပံ မြောင်းမြ)၊ ဒုတိယ မောင်ရာဇာ (စိုက်သိပ္ပံ ပုသိမ်ကြီး)၊ တတိယ မောင်နေဝင်းသက် (စိုက်သိပ္ပံ သထုံ)တို့ ရရှိကြသည်။

**ပိုစတာပြိုင်ပွဲ**

ပိုစတာပြိုင်ပွဲတွင် အဆင့်(၁)၌ ပထမ မမေထူးမြတ်မွန် (အလကမြို့မကျောက်တန်း)၊ ဒုတိယ မထူးထက်ထက်လင်း (အလက မြို့မကျောက်တန်း)၊ တတိယမောင်ထူးထက်ကျော် (အလက မြို့မကျောက်တန်း)၊ အထူးဆု မောင်ဟိန်းဝဏ္ဏ အမက (၁၀) ကြည့်မြင်တိုင်၊ မဆုယမင်း အထက(၁) ဒဂုံနှင့် မဆုဉာဏ်မိုး အထက(၂)လသာ၊ အဆင့်(၂)၌ ပထမ မခိုင်မြတ်မျိုးထွန်းလင်း (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်)၊ဒုတိယမအေးမြတ်သူ အထက (၂)လသာ၊ တတိယ မောင်ရဲရင့်နိုင်ဦး (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်)၊ အထူးဆု မောင်ဟိန်းထက်အောင်(ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်)၊ မောင်စည်သူအောင် အထက(၅) တာမွေ နှင့် မအိမွန်ကျော် အထက(၃)ပဲခူး၊ အဆင့်(၃)၌ ပထမ မခင်ချမ်းမြေ့သူ (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်)၊ ဒုတိယ မောင်အောင်နိုင်ဦး (ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ကမာရွတ်)၊ တတိယ မောင်ဇင်ကိုကို အထက(၄)အလုံ၊ အထူးဆု မခိုင်သဇင်ထက် အထက(၄)ဗိုလ်တထောင်၊ မသက်ငုံဖူးဝေ အထက(၂) သဃ်န်းကျွန်းနှင့် မဝင့်ဖြူထွေး အထက(၂)ရန်ကင်း၊ အဆင့်(၄)၌ ပထမ မောင်စည်သူအောင်(သဃ်န်းကျွန်း)၊ ဒုတိယ မောင်နိုင်ထူးကျော်(အင်းစိန်)၊ တတိယ မနှင်းလဲ့ဖြူ(ကြည့်မြင်တိုင်)၊ အထူးဆု မသူဇာလွင် အထက(၁၇) အောင်မြေသာစံ၊ မောင်ရဲထွဋ်အောင်(တောင်ဥက္ကလာပ)နှင့် မအေးအိစိုးစံ အထက(၂)ရန်ကင်း၊ အဆင့်(၅)၌ ပထမ ဦးဇော်ဝင်း(ငှက်ပျောသီး)၊ ဒုတိယ ဦးရဲထွဋ်အောင်(လောကနတ် ပန်းချီ)၊ အထူးဆု ဦးအောင်မိုး (ရှမ်းလေးပန်းချီ)၊ ဒေါ်ခင်သက်လွင်နှင့် မသဇင်စိုးမြင့်တို့ ရရှိကြသည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲတွင် အလွတ်တန်း၌ ပထမ ဒေါ်ခင်အုန်းမြင့်(ခင်အုန်းမြင့် တောင်ကြီး)၊ ဒုတိယ ဦးကျော်ဇော်လင်း (ကျော်ဇော်လင်း မကွေး)၊ တတိယ ဦးသက်အေး (မောင်သက်အေး ဂီတ ကဗျာ)၊ နှစ်သိမ့်ဆု ဒေါ်နန်းတင်ရီ (တက္ကသိုလ် နန်းဖြူဖြူထွန်း)၊ မချောရည်(မချောယဉ်မိုးညှင်း)နှင့် ဦးတင်ထွန်းအုန်း (မန်းခြိမ့်ဖလေ့)တို့ရရှိကြသည်။

ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ မောင်ဟန်သူ အထက(၁)လက်ပံတန်း၊ ဒုတိယ မချမ်းမြေ့နိုင် အထက (၁၆) ချမ်းအေးသာစံ၊ တတိယ မောင်နိုင်လင်းထူး အထက (၄)စစ်တွေ၊ နှစ်သိမ့်ဆု မောင်ရဲပြည့်ဖြိုး အထက(၂) လားရှိုး၊ မမေမွန် အထက(၇)ပုသိမ်နှင့် မမေသိထွန်း အထက(၃)မုံရွာတို့ အသီးသီးရရှိကြသည်။

ဆုချီးမြှင့်ပွဲနှင့်ပတ်သက်၍ ထပ်မံကြေညာမည်ဖြစ်ရာ ဦးစံလင်း (အထွေထွေမန်နေဂျာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းရုံးချုပ်) ဖုန်း-၀၁-၆၆၆၀၂၃ နှင့် ၀၁-၆၆၆၃၅၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အောက်တိုဘာ ၂ ရက်က ပြင်သစ် နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ ဗဟိုရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီးတွင်) အလှူရှင် ဦးဝင်းမြင့်သိန်း-ဒေါ်နီလာအောင် (ယ မင်း သူ ရ တ နာ ရွှေ ဆိုင်) မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ဦး ခင် မောင် အေး (ဒုတိယ ဥက္ကဋ္ဌ) ထံ ပေးအပ် လှူဒါန်း စဉ်။ (က-ပ)**



## မြဝတီရုပ်မြင်သံကြား

၇-၁၀-၂၀၀၄

(ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅ ၈။ မျိုးချစ်တပ်မတော်
၅:၀၅ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
Limits and Continuity
(စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ)
၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၆။ မြန်မာ့ရှုခင်း
၆:၄၀ ၁၇။ လျှပ်တစ်ပြက်
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပင်လယ်ကြီးလောက်ချစ်တယ်"**(အပိုင်း-၁)
၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၁၀)

# ကိုလိုနီနယ်ချဲ့လက်သစ်ဝါဒ၏ သရုပ်သကန်

**တက္ကသိုလ်မြတ်သူ**

လူ့လောက(ဝါ) လူသားကမ္ဘာသည် အသိဉာဏ်ကြွယ်ဝပြီး အသိဉာဏ်ကို ကောင်းစွာ အသုံးချတတ်သဖြင့် ယနေ့ခေတ်အများမြင်တွေ့နေရသည့် လူ့ယဉ်ကျေးမှုအဆင့်အတန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ လူတို့၏ ဉာဏ်ခွန်အား၊ ကာယအင်အားဖြင့် နှစ်ပေါင်းထောင်ချီ ကြိုးစားတည်ဆောက်ခဲ့ကြရခြင်းဖြစ်သည်။ အသိပညာ၊ အတတ်ပညာမျိုးစုံ တီထွင်ကြံဆပွားများယူခဲ့ကြသော ဝိဇ္ဇာပညာရှင်၊ သိပ္ပံပညာရှင်များကား လေးစားဂုဏ်ပြုလောက်သူများ ဖြစ်သည်။

လူ့သမိုင်းအစပိုင်း လူ့ယဉ်ကျေးမှု ကနဦးကာလမှ အရှိန်ကောင်းကောင်းရသည်အထိ အသိ၊ အတတ်ပညာများ ဆန့်ထုတ်ကြိုးစားခဲ့ကြသူများ၊ ယင်းပညာရပ်များနှင့်အညီ လူ့လောကကြီး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ထမ်းတင်ခဲ့ကြသော လုပ်အားရှင်များသည် ရည်ရွယ်ချက်မှန်ကန်သည်၊ ဦးတည်ချက်ဖြောင့်တန်းသည်၊ စေတနာမွန်မြတ်သည်။ လူတို့ ကောင်းမွန်စွာ နေထိုင်၊ သွားလာ၊ လုပ်ကိုင်ပြီး လူ့ဘဝကို အဆင့်မြင့်မြင့် ရှင်သန်စေလိုသော ဆန္ဒမွန်များဖြင့် ယင်းသို့ လူ့ယဉ်ကျေးမှုကို အဆင့်မြှင့်တင်လာခဲ့ကြခြင်းဖြစ်သည်။

သို့သော် ဤကမ္ဘာမြေမှပင် လောဘ၊ ဒေါသ၊ မောဟ၊ မာနတည်းဟူသော အဝိဇ္ဇာ(အလင်းမသိ၊ အမှောင်အတိ) လွှမ်းမိုးလာကြသောအခါ လူလူချင်း သတ်ဖြတ်၏၊ လုယက်၏၊ ညှဉ်းပန်း၏၊ တိုက်ခိုက်စိုးမိုး၏။ သုတေသီတို့ လေ့လာချက်များအရ ဤကမ္ဘာမြေသည် သယံဇာတ၊ သဘာဝနေဥစ္စာ ကြွယ်ဝသည်။ အကယ်၍သာ ထိုသယံဇာတ၊ နေဥစ္စာများကို ထုတ်ယူသုံးစွဲလျှင် ကမ္ဘာလုံးကြီး၏ အလယ် (အီကွေတာ)မျဉ်းကြောင်းကို ဒုတစ်မိုင်၊ ဖြက် ၁၂မိုင်ရှိသည့် ရွှေခါးပတ်ကြီးတစ်ခုလုပ်ပြီး ပတ်ပေးနိုင်လောက်အောင်ပင် ကြွယ်ဝချမ်းသာသည်ဟု ဆိုသည်။

ဤကမ္ဘာမြေမှပင် လူလူချင်းကျွန်ပြုသော ကျေးကျွန်ခေတ်တွင် လူများစုက ကျေးကျွန်။ မြေရှင်ပဒေသရာဇ်ခေတ်တွင် လူများစုကမြေကျွန်၊ယာကျွန်။ အရင်းရှင်(ဓနရှင်)ခေတ်တွင် လူများစုကလုပ်အားကျွန်များ ဖြစ်လာရသည်ဟု နိုင်ငံရေးသုတေသီများက ဆို၏။ လူလူချင်း ကျွန်ပြုသည်ဆိုကတည်းက လောဘ၊ ဒေါသ၊ မောဟ၊ မာန မည်မျှလွှမ်းကဲသည်ကို သိရှိနိုင်ကြပေသည်။ ဥရောပ သုတေသီတစ်ဦးကမူ ဤကမ္ဘာမြေတွင် ရာစုနှစ်၅၀(နှစ်ပေါင်း၅၀၀၀)အတွင်း စစ်ပွဲလေးသောင်းကျော် ဖြစ်ပွားခဲ့ကြောင်း၊ ယင်းစစ်ပွဲများ၏ ထက်ဝက်ကျော်မှာ ဥရောပမြေပြင်၌ ဖြစ်ပွားကြောင်း၊ ပထမကမ္ဘာစစ်ပွဲကြီး (လူ၁၀သန်းကျော်သေဆုံး)နှင့် ဒုတိယကမ္ဘာစစ်ပွဲကြီး (လူသန်း၆၀ကျော် သေဆုံး)တို့သည်လည်း ဥရောပမှပင် စတင်ကြောင်း လေ့လာတင်ပြခဲ့သည်။ ထို့ကြောင့် ဥရောပသည် ကမ္ဘာပေါ်တွင် စစ်အထိမ်းအမှတ်များနှင့် စစ်သင်္ချိုင်းများ အများဆုံးရှိနေသည်ဟု ဆိုသည်။

ကမ္ဘာ့သမိုင်းကို ပြန်ကြည့်လျှင် ဥရောပသည် ကမ္ဘာပေါ်တွင် တိုးတက်ဖြစ်ထွန်းမှုအများဆုံး၊ စစ်ဖြစ်ပွားမှုအများဆုံးဖြစ်ကြောင်း တွေ့ရသည်။ ကျေးပိုင်ကျွန်ပိုင်ခေတ်၊ မြေရှင်ပဒေသရာဇ်ခေတ်၊ အရင်းရှင်ခေတ်၊ ဆိုရှယ်လစ်ခေတ် (နယ်ချဲ့ပုံစံဟောင်းနှင့် ပုံစံသစ်တို့ စတင်ပေါက်ဖွားရာ ဘူမိနက်သန်)သည်လည်း ဥရောပသာဖြစ်ကြောင်း တွေ့နိုင်ပေသည်။

စူးစမ်းလေ့လာ တီထွင်ဆန်းသစ်သူ ပညာရှင်များသည် မျက်စိမှုန်၊ ဆံဖြူကျန်းမာရေးထိခိုက်၊ အသက်အန္တရာယ်ရင်း၍ ပညာရပ်အသီးသီးကို ဖော်ထုတ်ခဲ့သည်။ ထိုပညာရပ်သည် ပညာရှင်များက မပိုင်တော့ဘဲ သင့်တင့်ရုံ ဉာဏ်ပူဇော်ခလောက်ဖြင့် တစ်လွဲသုံးအမြတ်ထုတ်မည့် လောဘသားများလက်ရောက်သွားခဲ့သည်။ ဥပမာအချို့ တင်ပြလိုပါသည်။

အင်္ဂလန်မှ စက်မှုတော်လှန်ရေး ဆိုသည်မှာ ရေနွေးတည်ရင်း ရေနွေးငွေ့၏ တွန်းကန်မှုဖြင့် ရေနွေးကရားအဖုံး ကြွတက်လာသည်ကို အမှတ်တမဲ့မနေဘဲ ဆက်လက် စူးစမ်းလေ့လာသဖြင့် ရေနွေးငွေ့သုံးစက်များ၊ ယာဉ်များ ပေါ်ထွန်းလာခဲ့သည်။ ထိုအခါ လက်မှုနည်းဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချနေသူများ စက်မှုနည်းသုံးကာ တွင်ကျယ်စွာ ထုတ်လုပ်ရောင်းချလာနိုင်ခဲ့၏။ လက်ရက်ကန်းများသည် စက်ရက်ကန်းများ ဖြစ်လာသည်။ လူသားတို့အတွက် ကောင်းမွန်သော တီထွင်ဆန်းသစ်မှု ဖြစ်ပါ၏။

သို့သော်------။

ငွေကြေး အမြောက်အမြား ရင်းနှီးလုပ်ကိုင်နိုင်သော ငွေရှင်၊ ကြေးရှင် (ဓနရှင်၊ အရင်းရှင်)များက ထိုနည်းပညာ၊ ထိုစက်ကိရိယာများကို သင့်ရုံတန်ဖိုးပေးဝယ်၏။ ကုန်ပစ္စည်းများလှိမ့်ထုတ်၏။ ချမ်းသာလာကြ၏။ ထိုကုန်ပစ္စည်းထုတ်လုပ်ရာ၌ ကာယ၊ ဉာဏအားစိုက်ထုတ်လုပ်ကိုင်ရသော အလုပ်သမားများ လူလုံးမလှကြပေ။ လုပ်ခ မဖြစ်စလောက်နှင့် နေ့၊ ည လုပ်အားကျွန်ပမာ လုပ်ကိုင်ကြရသဖြင့် အလုပ်သမားအခွင့်အရေး တိုက်ပွဲများဖြစ်လာရ၏။ ဤသို့ဖြင့် မေဒေးခေါ် မေလ၁ရက် (အလုပ်သမားနေ့) ပေါ်ထွန်းလာခဲ့သည်။

ရလေလိုလေ အိုတဏှာ ဆိုသည့်အတိုင်း အရင်းရှင်စနစ်သည် သာမန်အရင်းရှင်မှ လက်ဝါးကြီးအုပ်အရင်းရှင်၊ ဘဏ္ဍာအရင်းရှင်အဖြစ် ဆူဖြိုးလာကြ၏။ အင်္ဂလန်နှင့်ဥရောပတွင် အရင်းရှင်အုပ်စုက မိမိတို့ကို ချုပ်ချယ်ကန့်သတ်လာသည့် ဘုရင့်အစိုးရကို တော်လှန်ကာ အရင်းရှင်ပါလီမန်များ တည်ထောင်လျက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာများ အရယူခဲ့သည်။ ဘုရင်များသည် ဂုဏ်ထူးဆောင်အဖြစ်သာ နန်းတော်၌ ရိက္ခာပုံမှန်ခံစားပြီး နေလာခဲ့ရ၏။ အရင်းရှင်ပါလီမန် (အောက်လွှတ်တော်)တွင် မဲရွေးပွဲဖြင့် အမတ်များတက်လာကြ၏။ ငွေကြေး(ရွေးကောက်ပွဲစရိတ်စက) တတ်နိုင်သူများအမတ်ဖြစ်လာ၏။ ဤသည်ကို ဓနရှင်ပါလီမန်ဟု သမုတ်လာကြသည်။ ထိုဓနရှင်များက လူထုမဲဖြင့် အမတ်(အစိုးရ) ဖြစ်လာသဖြင့် ဒီမိုကရေစီ ပါလီမန်ဟု ကြွေးကြော်ခဲ့ကြ၏။

အင်္ဂလန်နှင့် ဥရောပမှ အရင်းရှင်များသည် ပါလီမန်ဒီမိုကရေစီအာဏာရလာသည်နှင့် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ကုန်သွယ်ရောင်းဝယ်မှု စသည်တို့ကို လွတ်လပ်စွာ လုပ်နိုင်လာ၏။ ခက်သည်မှာ ထိုအရင်းရှင်စက်မှုနိုင်ငံများတွင် စက်ရုံများ ပေါများလှသော်လည်း စက်လည်ပတ်ရမည့် စွမ်းအင်လောင်စာ၊ စက်က ကြိတ်ဝါးရမည့် စက်မှုကုန်ကြမ်း၊ စက်ထွက် ကုန်ချောပစ္စည်းများ၊ လှိုင်လှိုင်ဝယ်မည့် ဖောက်သည်(ဈေးကွက်)၊ လုပ်ခအနည်းအကျဉ်း ပေးခိုင်းနိုင်သည့်လုပ်အား၊ ပိုလျှံငွေများ ထပ်မံ ရင်းနှီးမြှုပ်နှံရမည့် စားကျက်ကောင်းများ မပြည့်စုံကြချေ။ ယနေ့တိုင် အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ လက်တင်အမေရိကနှင့် သမုဒ္ဒရာကျွန်းနိုင်ငံများမှ သယံဇာတ (စက်မှုကုန်ကြမ်းများ)၊ စိုက်ပျိုးထုတ်လုပ်သည့် စက်မှုကုန်ကြမ်းများ(ဝါဂွမ်း၊ ဆီထွက်သီးနှံ၊ ဂုန်လျှော်စသည်)တို့ကို နည်းမျိုးစုံဖြင့် ရယူသုံးစွဲကာ ထိုအရင်းရှင်စက်ရုံများ လည်ပတ်နေရသည်။ အထူးသဖြင့် လောင်စာစွမ်းအင်ကို အရှေ့အလယ်ပိုင်း၊ အာဖရိကရေနံတွင်းများကို အားထားနေရဆဲဖြစ်သည်။

ကမ္ဘာတွင် အရင်းရှင် စက်မှုလုပ်ငန်း ထွန်းကားလာသည်နှင့် အထက်ပါ ကုန်ကြမ်းဈေးကွက်၊ ကုန်ချောဈေးကွက်၊ လောင်စာဈေးကွက်စသည့် လိုအပ်ချက်ငါးမျိုးကို အရင်းရှင်တို့က တန်ရာတန်ဖိုး ပေးမဝယ်ဘဲ အလကားမတ်တင်းလောက်နှင့်ရအောင် လွန်ခဲ့သည့် ရာစုနှစ် နှစ်ခုခန့်ကတည်းက ရွက်သင်္ဘောများလွှင့်ကာ လက်နက်အစုံအလင်နှင့် နယ်ချဲ့လာခဲ့ကြသည်။ ထိုအချိန် ဥရောပ၌ အရှိန်ရ အခြေခိုင်နေပြီဖြစ်သော အင်္ဂလန်(ဗြိတိန်)၊ ပြင်သစ်၊ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ ဘယ်လ်ဂျီယန်စသည့် အရင်းရှင်နိုင်ငံများသည် နယ်ချဲ့ကြရာ အာရှ၊ အာဖရိက၊ အရှေ့အလယ်ပိုင်း၊ အမေရိကတိုက်နှစ်တိုက်၊ သြစတြေးလျတိုက်စသည့် စားကျက်များ (ကမ္ဘာမြေ၏လေးပုံသုံးပုံ) ကျွန်ပြုခံခဲ့ရသည်။ ရွက်သင်္ဘောတွင် ၎င်းတို့နိုင်ငံအလံထူ၊ အလံအောက်သင်္ဘောပေါ်တွင် အရင်းရှင်နယ်ချဲ့တို့က ငွေထုပ်ပိုက်လိုက်၊ နောက်သင်္ဘောများဖြင့် သာသနာပြုများက လိုက်၊ နောက်ဆုံးသင်္ဘော၌ လက်နက်ကိုင်တပ်ဖွဲ့များက လိုက်လာပြီး ကျူးကျော်တိုက်ခိုက် ကျွန်ပြုခဲ့ကြသည်။ ကမ္ဘာ့လူသား ၇၇ရာနှုန်း ကျွန်ဖြစ်ခဲ့ရသည်။ ထိုကမ္ဘာ့လူသားများ၏ လူ့အခွင့်ရေး၊ ဒီမိုကရေစီပိုင်ခွင့်၊ လွတ်လပ်ခွင့်ပိုင်ရေးဆိုင်ခွင့်များ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ သို့သော် ထိုကျွန်ပြုခံကမ္ဘာ့လူသားများအတွက် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ လွတ်လပ်ခွင့်အကြောင်း ပြောပေးမည့် ယနေ့ကာလ နယ်ချဲ့လက်ဝေခံ အဖွဲ့များက မပေါ်သေးပေ။

ထိုသို့ ရွက်သင်္ဘောနယ်ချဲ့များကို ကမ္ဘာကပင်လယ်ဓားပြများဟု အရိုးစွဲအောင် အမှတ်ပြုခဲ့ကြသည်။ ရှေးခေတ်ကဘုရင်များသည် ပဒေသရာဇ်မှ ဧကရာဇ်ဖြစ်အောင် နယ်ချဲ့ကြသည်။ ဘုန်းလက်ရုံးတန်ခိုး ဆန့်တန်းကြသည်ဟု တွင်သည်။ ထိုစဉ်က ကြီးနိုင်ငယ်ညှဉ်း တိုက်ခိုက်ကျူးကျော်ပြီး ဒေသခံများကိုပင် အုပ်ချုပ်ခွင့် ပြန်ပေးခဲ့ကြသည်။

အရင်းရှင်တို့၏ နယ်ချဲ့မှုကား နိုင်ငံများကိုနှစ်ပေါင်းရာချီပြီး ဖိနှိပ်ညှဉ်းပန်းစိုးမိုးကာ ထိုကျွန်ပြုခံနိုင်ငံမှ နေဥစ္စာမှန်သမျှ သွေးစုပ်ခြယ်လှယ် အမြတ်ထုတ်ကြသည်။ ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ် ဆိုသည်မှာ စက်မှုနောက်ကျထွန်းကားလာပြီး ကိုလိုနီဝေစုမရလိုက်သည့် (ဂျာမနီ၊ အီတလီ၊ ဂျပန်စသည့်) နိုင်ငံများက နယ်ချဲ့ချင်း စားကျက်လုပွဲများသာ ဖြစ်သည်။

ကိုလိုနီထမ်းပိုးအောက် ရောက်ရသော နိုင်ငံများမှ တိုင်းရင်းသားမျိုးချစ်များက လွတ်လပ်ရေး ပြန်လည်တိုက်ယူမှုများကလည်း ကမ္ဘာအနှံ့ ထောင်းလမောင်းထခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် နယ်ချဲ့ချင်း တိုက်ကြသည်ကိုလည်းကောင်း၊ ဥရောပနယ်ချဲ့တို့ စစ်ဒဏ်ခံရသည်ကိုလည်းကောင်း အချက်ကောင်းယူကာ တိုက်ပွဲအဟုန်မြှင့်ပြီး လွတ်လပ်ရေးကို တန်းစီယူလာခဲ့ကြသည်။ ၁၉၄၅ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့ကြီး ထူထောင်ခဲ့သည်။ ကမ္ဘာ့ပြည်သူများ လွတ်လပ်ခွင့်၊ ကိုယ့်ကံကြမ္မာ ကိုယ်လွတ်လပ်စွာ ဖန်တီးခွင့်ရှိစေမည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကြီးကို ကုလသမဂ္ဂက ရေးဆွဲထုတ်ပြန်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး အရင်းရှင်နိုင်ငံများ၏ ဦးစီးဦးကိုင် ဖြစ်လာသော အမေရိကန်ပြည်ထောင်စုသည် စစ်ဒဏ်ခံဥရောပကို မာရှယ်စီမံကိန်းဖြင့် ပံ့ပိုးကာ ရင်ခွင်ပိုက် ခေါင်းဆောင်နေရာ ဝင်ယူပြီး နေတိုးကဲ့သို့သော စစ်အုပ်စုကြီးကို ဖွဲ့စည်းကာ ခေါင်းဆောင်ခဲ့သည်။ စင်စစ် အမေရိကန်ပြည်ထောင်စုသည် လွန်ခဲ့သည့် နှစ်သုံးရာခန့်ကမှ ဥရောပသားများ(အင်္ဂလိပ်၊ ဝေလ၊ စကော့၊ အိုင်းရစ်ရှ်၊ ပြင်သစ်၊ ဒတ်ချ်၊ စပိန်၊ ပေါ်တူဂီစသည်)တို့ သွားရောက်ကာ ကိုလိုနီ(နယ်ပယ်သစ်ချဲ့ထွင်မှု) ပုံစံဖြင့် တည်ထောင်ခဲ့ရာ အမေရိကန်တွင် ဥရောပဗီဇ၊ ဥရောပသန္ဓေ (နယ်ချဲ့ဝါဒ၊ အရင်းရှင်ပုံစံ၊ စက်မှုအခြေခံဗီဇ)များ ပါဝင်လာခဲ့သည်။

အရင်းရှင်တို့၏ ကျူးကျော်၊ တိုက်သိမ်း၊ ချုပ်ကိုင်စိုးမိုး၊ သွေးစုပ်သော ကိုလိုနီစနစ်ကို ကုလသမဂ္ဂ(ယနေ့အဖွဲ့ဝင် ၁၉၁နိုင်ငံ)နှင့် ကမ္ဘာ့ပြည်သူများက လက်မခံတော့ချေ။ (ဗီယက်နမ်၊ အာဖဂန်၊ ဆိုမာလီယာ၊ ကိုရီးယား၊ အီရတ်စစ်ပွဲများ ဖန်တီးသည့် နယ်ချဲ့နိုင်ငံများအား သက်ဆိုင်ရာ နိုင်ငံသားများက ခုခံ တွန်းလှန်မှုများက သက်သေခံနေပေသည်။)သို့ဖြင့် ကိုလိုနီပုံစံသစ်ကျင့်သုံးလာသည်။ ထိုပုံစံသစ်ကား **၎င်းတို့ မျက်စိကျသော (ပထဝီဝင်အရ မဟာဗျူဟာ မြောက်၍ဖြစ်စေ၊ သယံဇာတ ထွက်ကုန်ပေါများ၍ ဖြစ်စေ၊ ၎င်းတို့၏ ဩဇာ မနာခံ ပယ်လှန်၍ဖြစ်စေ) နိုင်ငံများကို ဆူပူပျက်စီးပြိုကွဲအောင် ၎င်းတို့ဩဇာခံရုပ်သေးအစိုးရများ တင်ပေးပြီး နောက်ကွယ်မှခြယ်လှယ်နိုင်အောင် စွက်ဖက်၊ ခြေရှုပ်၊ ပိတ်ဆို့ နှောင့်ယှက်၊ အင်အားသုံး ကျူးကျော်နေခြင်းသာ ဖြစ်ပေသည်။ ၎င်းတို့၏ အန္တိမရည်မှန်းချက်ကား ဤကမ္ဘာကြီးတစ်ခုလုံး၏ စကြဝဠာမင်းဖြစ်ရေးပင်ဖြစ်သည်။ လက်တွေ့တွင်မူ ကျူးကျော်ရေးသမား၊ ဗိုလ်ကျစိုးမိုးရေးအတွက် ခြေရှုပ်နေသူများ၊ ကမ္ဘာ့အကြမ်းဖက်ထိပ်သီး၊ ကမ္ဘာ့ပုလိပ်ကြီးဟူသော နာမည်ဆိုးများဖြင့် ကင်ပွန်းတပ် ခံနေရပေသည်။** နောက်ကြောင်းပြန်ကောက်ကြည့်လျှင် ရေနွေးငွေ့အာနိသင်ကို ဂရုပြုမိသူ၏ ရေနွေးငွေ့စက်များတီထွင်မှုကို အလွဲသုံးစားပြုကာ လောဘ၊ မောဟ၊ မာနနောက်လိုက်ပါကြရာမှ ဤကမ္ဘာမြေ၌ ကမ္ဘာသူ ကမ္ဘာသားတို့ ကောင်းကောင်းမနေရသည့် နယ်ချဲ့စနစ်(ပုံစံဟောင်း၊ ပုံစံသစ်၊ ဖက်ဆစ်၊ အင်အားသုံးအနိုင်ကျင့်ပုံစံများ)ကို မွေးဖွားပေးခဲ့ကြသည်။

ဆွီဒင်သိပ္ပံပညာရှင်ကြီး အဲလ်ဖရက်နိုဘယ်လ်က ဒိုင်းနမိုက်(ယမ်းပျော့)ကို တံတားဆောက်ရာ၊ လမ်းဖောက်ရာ၊ သတ္တုကျောက်မိုင်းများတူးရာ၌ လွယ်ကူစွာ ဖောက်ခွဲနိုင်ရန် တီထွင်ခဲ့သည်။ ထိုဒိုင်းနမိုက်ကို လူနေအိုးအိမ်၊ လမ်း၊ တံတား၊ စက်ရုံများဖြိုဖျက်ရန် ဖောက်ခွဲဖျက်ဆီး၊ လူသတ်လာသဖြင့် အဲလ်ဖရက်နိုဘယ်လ်ခမျာ စိတ်ဆင်းရဲခဲ့ရသည်ဟု ဆိုသည်။

အဏုမြူကို သိပ္ပံပညာရှင်တို့ စမ်းသပ်တီထွင်ခဲ့ကြသည်။ ယာဉ်ကြီးများ၊ စက်ရုံကြီးများတွင် စွမ်းအင်အဖြစ် ကျန်းမာရေး(ဆေးဝါးကုသရာ၌သုံးသော) ဓာတုပစ္စည်းအဖြစ်သုံးသော် လူသားအားလုံးအတွက် အကျိုးရှိမည်။ သို့သော် ဂျာမနီအာဏာရှင် ဟစ်တလာက လက်နက်စတင်လုပ်ကိုင်သည်။ မအောင်မြင်မီ ဟစ်တလာ ကျဆုံးသွားသည်။ သို့မဟုတ်လျှင် ၁၉၄၄-၄၅ခုနှစ်များမှာပင် ကမ္ဘာ့နိုင်ငံ (အထူးသဖြင့် နယ်ချဲ့လက်ဟောင်း)များ အဏုမြူဒုံးပျံဖြင့် ဒုက္ခရောက်ကြရမည်ဖြစ်သည်။

အမေရိကန်က ဟစ်တလာကို အားကျပြီး အဏုမြူဗုံးလုပ်ရာ အောင်မြင်သွား၏။ ထိုအဏုမြူဗုံး (အသေးစား)နှစ်လုံးဖြင့် ဂျပန်နိုင်ငံ ဟီရိုရှီးမား (၆-၈-၄၅)နှင့် နာဂါဆာကီ(၉-၈-၄၅)တို့ပေါ် ကြဲချရာ မြို့နှစ်မြို့ ပြာကျကာ လူသုံးလေးသိန်း မရှုမလှသေရ၏။ ထိုမှနောက်ပိုင်း အမေရိကန်၊ ဆိုဗီယက်၊ ဗြိတိန်၊ ပြင်သစ်တို့ နျူကလီးယားလက်နက်ပြိုင်ပွဲကြီး ကျင်းပလာခဲ့သည်။ နောက်ပိုင်း ဖွံ့ဖြိုးဆဲနိုင်ငံအချို့က နျူကလီးယားဗုံး၊ ဒုံးပျံများလုပ်လာကြသည်။ ကမ္ဘာ့ပြည်သူများသည် ယနေ့ အချိန်မရွေး ပေါက်ကွဲနိုင်သော နျူကလီးယားဗုံးများကို ဖင်ခုထိုင်ထားရသကဲ့သို့ ထိတ်လန့်နေကြရသည်။

**သတင်းဆက်သွယ်ရေး နည်းပညာများ၊ အခြားနည်းပညာများ၊ အီလက်ထရွန်နစ်ပညာရပ်များ၊ ကွန်ပျူတာပညာရပ်များသည် လူသားကမ္ဘာကြီးကို တိုးတက်လာနိုင်စေသော တွန်းအားကောင်း၊ မောင်းနှင်အားကောင်းများ ဖြစ်သင့်၏။ သို့သော် ထိုတီထွင်ဆန်းသစ်မှုများကို မိမိနိုင်ငံကာကွယ်ရေး၊ လုံခြုံရေး အကြောင်းပြချက်ဖြင့် အဖျက်လက်နက်၊ စစ်လက်နက်၊ အကြမ်းဖက်ပစ္စည်းအဖြစ် တစ်လွဲသုံးနေကြ၏။**

ဤသို့ဖြင့် သတင်းဆက်သွယ်ရေး မီဒီယာများ၊ ကွန်ပျူတာ ကွန်ရက်(အင်တာနက်)များ စသည်တို့မှာ နယ်ချဲ့ဝါဒဖြန့် ကိရိယာ၊ ကမ္ဘာကို မုသားမှိုင်းတိုက် ပုံသွင်းနေသော လက်နက်များဖြစ်လာနေ၏။ ဂလိုဘယ်လိုက်ဇေးရှင်း(ခေါ်) တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွှယ် ပူးပေါင်းမျှတဝေ၍ တိုးတက်စေခြင်းဟူသော ဝေါဟာရကိုပင် နယ်ချဲ့လက်သစ်တို့က တစ်ကမ္ဘာလုံးဗိုလ်ကျစိုးမိုးအဆီစား အသားမျိုရေး၊ အသားအရောင်၊ လူမျိုး၊ အဆင့်အတန်း၊ ယုံကြည်မှု၊ ကိုးကွယ်မှုခွဲခြားဆက်ဆံကာ လိုတစ်မျိုး၊ မလိုတစ်မျိုးလုပ်ရပ်အတွက် တစ်လွဲသုံးနေကြပြန်သည်။

**နိုင်ငံတိုင်းမှ နိုင်ငံသားတိုင်းသည် ကိုယ့်နိုင်ငံ ကိုယ်ချစ်မြတ်နိုးကြ၏။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကောင်းစားစေချင်ကြသည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ပင်ဖြစ်သည်။ ကိုယ့်နိုင်ငံ ကိုယ်ကောင်းအောင် သမ္မာအာဇီဝနည်း၊ သမ္မာဝါယမနည်းတို့ဖြင့်သာ ကြိုးစားအပ်၏။ သူတစ်ပါးနိုင်ငံများကို ဖျက်ဆီးဖြိုချပြီးမှ၊ သူတစ်ပါးနိုင်ငံသားများကို ဒုက္ခရောက်စေပြီးမှ ကိုယ့်နိုင်ငံ ကောင်းအောင်လုပ်ခြင်းလောက် အောက်တန်းကျ ယုတ်မာမှုမျိုးမရှိတော့ပေ။**

တင်ပြခဲ့သည့်အတိုင်း တစ်ကမ္ဘာလုံး နေကောင်းခြင်းမနေရ၊ စားကောင်းခြင်း မစားရအောင် အင်အားသုံး၊ အကြမ်းဖက်တိုက်ခိုက်ပြီး ကမ္ဘာ့အပြစ်မဲ့လူသားများကို ကျွန်ပြုနှိပ်စက်ခဲ့သော ကိုလိုနီဝါဒီ(လက်သစ်၊လက်ဟောင်း)များက ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ဘာသာရေးလွတ်လပ်ခွင့်စသည်တို့ ယနေ့ဟစ်ကြွေးနေကြပြန်ပြီ။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်ဆိုသကဲ့သို့ နယ်ချဲ့ကျွန်ပြုခံခဲ့ရဖူးသော ကမ္ဘာ့ပြည်သူများအနေဖြင့် ကိုလိုနီလက်သစ်တို့၏ ဟစ်ကြွေးနေမှုများနောက်ကွယ်တွင် ဖုံးကွယ်ထားသော ၎င်းတို့၏ဩဇာခံဖြစ်ရေး၊ အခြေအရုံနိုင်ငံဖြစ်ရေးနှင့် ဗိုလ်ကျစိုးမိုးရေး သရုပ်သကန်များကို တစ်နေ့ထက်တစ်နေ့ ပိုမိုသိမြင်သဘောပေါက်လာကြပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# အီရတ်စစ်ပွဲတွင် ဘုရှ်၏ဆုံးဖြတ်ချက် ဆိုးဆိုးရွားရွားမှားယွင်းခဲ့ ဒီမိုကရက်တစ်သမ္မတလောင်း ဂျွန်ကယ်ရီ ဝေဖန်ပြောကြား

အော်လန်ဒို အောက်တိုဘာ ၄

**စိန်ခေါ်သူ ဒီမိုကရက်တစ်သမ္မတလောင်းဂျွန်ကယ်ရီသည် အီရတ်နှင့်စပ်လျဉ်း၍ စကားအချေအတင်ပြောဆိုရာ၌ အီရတ်စစ်ပွဲနှင့်ပတ်သက်၍ မဏ္ဍိုင်ပြု ပြောဆိုခဲ့ရာမှ အသက်မွေးဝမ်းကျောင်းမှုဘက်သို့လှည့်ကာ သမ္မတဂျော့ဒဗလျူဘုရှ်အပေါ် စနေနေ့က တိုက်ကွက်ပြောင်းပြီး တိုက်ပွဲဆင်ခဲ့သည်။**

ထိုသို့ ဂျွန်ကယ်ရီက သမ္မတဂျော့ဒဗလျူဘုရှ်အား တိုက်ကွက်ပြောင်းခဲ့ရာတွင် သမ္မတ ဂျော့ဒဗလျူဘုရှ်သည် စီးပွားရေးအပြင် အီရတ်စစ်ပွဲအပေါ်တွင် အကြီးအကျယ် ဆုံးဖြတ်ချက် လွဲမှားခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့သည်။

**ရွေးချယ်ခဲ့**

ဂျော့ဒဗလျူဘုရှ်သည် သူ၏မူဝါဒများအား အကောင်အထည်ဖော်ပေးမည့်သူများကိုသာ သူ့အတွက် အထောက်အကူရရန် ရွေးချယ်ခဲ့ကြောင်း၊ သူတို့သည် ဆေးဝါးကုမ္ပဏီများ ရေနံကုမ္ပဏီများနှင့် ဟာလီဘာတန်ကုမ္ပဏီများတွင် အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်နေကြကြောင်း မက်ဆက်ချူးဆက် အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီက ပြောကြားသည်။

**ပြောကြား**

သမ္မတဘုရှ်ကို မေးမည်ဆိုလျှင် ပြည်တွင်း၌ အစစအရာရာ အခြေအနေကောင်းမွန်သည်ဟု ပြောမည်ဖြစ်ကြောင်း၊ ယင်းသည် ရေနံလုပ်ငန်းကုမ္ပဏီကြီးများဖြစ်သော သူနှင့်ရင်းနှီးမှုရှိသည့် အင်ရွန်နှင့်ဟာလီဘာတန်ကုမ္ပဏီတို့အတွက် အမှန်တရားဖြစ်ဖွယ်ရှိသလောဟု ဂျွန်ကယ်ရီက ပြောကြားခဲ့သည်။

**မေးခွန်းထုတ်**

ခေါင်းဆောင်မှုကို စစ်မှန်သော စမ်းသပ်မှုမှာ အကယ်၍ လုပ်ဆောင်ချက်များသည်ဆိုလျှင် ထိုအမှားကို မည်သို့ တုံ့ပြန်ဆောင်ရွက်သည်ဆိုခြင်းပင်ဖြစ်ကြောင်း အမှန်တရားကို ရင်ဆိုင်မည်လော သို့မဟုတ် လျစ်လျူရှုမည်လောဟု ဂျွန်ကယ်ရီက မေးခွန်းထုတ်ခဲ့သည်။

အီရတ်တွင် ဂျော့ဘုရှ်ဆုံးဖြတ်ခဲ့သည့် မဟာအမှားကြီးထက် ပိုအရေးကြီးသောအမှား မရှိကြောင်း ကယ်ရီက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**



**ပျက်စီး**

**မိုဆူးလ်မြို့၌ ဖြတ်သန်းသွားသော အမေရိကန်ယာဉ်တန်းအား ပစ်မှတ်ထား၍ ကားဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ ပျက်စီးနေသော မော်တော်ယာဉ်ကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။** (ယင်းတိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားသည်။)

**(ဓာတ်ပုံ-အင်တာနက်)**

## အီရတ်နိုင်ငံတစ်ဝန်း မိုင်းနှင့်ဗုံးများပေါက်ကွဲမှု အီရတ် ၃၀၀ကျော် နေ့စဉ်နီးပါးဒဏ်ရာရလျက်ရှိ

ဘဂ္ဂဒက် အောက်တိုဘာ ၅

**အီရတ်နိုင်ငံတစ်ဝန်းတွင် မိုင်းများ၊ ဗုံးများပေါက်ကွဲမှုများကြောင့် အီရတ် ၃၀၀ကျော် နေ့စဉ် ဒဏ်ရာရရှိခဲ့ကြောင်း စီမံကိန်းဝန်ကြီးဌာနမှ အရာရှိတစ်ဦး၏ ပြောကြားချက်ကို အယ်လ်တာခီ သတင်းစာက တနင်္ဂနွေနေ့တွင် ကိုးကားဖော်ပြသည်။**

အဆိုပါ စာရင်းဇယားများမှာ ပေါက်ကွဲမှုများနှင့် ဗုံးများကြောင့် ဒဏ်ရာရမှုများအပေါ် စစ်ဆေးလေ့လာချက်ကို အခြေခံထားခြင်းဖြစ်ပြီး အဆိုပါ လေ့လာချက်အရလူ ၃၀၀ကျော်မှာ နေ့စဉ်ဒဏ်ရာရရှိကာ ၎င်းတို့အနက် အများစုမှာ ကလေးများဖြစ်ကြောင်း အရာရှိက ပြောကြားသည်။

အီရတ်တွင် မိုင်းများကြောင့် ဒဏ်ရာရရှိမှုသည် ကမ္ဘာတွင် အမြင့်ဆုံးထဲမှ တစ်ခုဖြစ်ပြီး မပေါက်ကွဲသေးသော မိုင်းထောင်ပေါင်းများစွာမှာ အီရတ်ပြည်သူများ၏ အသက်ကို ခြောက်လှန့်လျက်ရှိကြောင်း သတင်းအချက်အလက်များက ထောက်ပြခဲ့သည်။

ထို့ပြင် အီရတ်စစ်ပွဲအတွင်း နိုင်ငံတစ်ဝန်းလုံးတွင် အမေရိကန်လေယာဉ်များက ပစ်ချခဲ့သည့် မပေါက်ကွဲသေးသော ဗုံးများလည်းရှိနေသေးသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အောက်တိုဘာ ၅ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁ဝ၆၁ ဦး ရှိသွားပြီ

ဘဂ္ဂဒက် အောက်တိုဘာ ၇

**အီရတ်နိုင်ငံအား အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်ကစတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိ အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက် ရှိကြသည်။**

**သေဆုံး**

အောက်တိုဘာ ၅ရက် အင်္ဂါနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁ဝ၆၁ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈ဝ၆ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၂၅၅ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခဲ့ကြသည်။ ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ဦး၊ အီတလီ ၁၉ဦး၊ စပိန် ၁၁ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒိုး၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်။

**ပြောကြား**

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၂၃ဦးဖြစ်ပြီး ယင်းအနက် ၆၉၇ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၆ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

**အသင့်နေရာယူ**

**ဆာမာရာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့တိုက်ပွဲ ဖြစ်ပွားရာတွင် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး အသင့်နေရာယူထားသည်ကို အောက်တိုဘာ ၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



## ပျောက်ဆုံးနေသည့် လ ၂၀အရွယ် ကလေးငယ်လေး အီရန်သဲကန္တာရအတွင်းခြေဦးတည့်ရာသွားနေရာမှပြန်တွေ့

တီဟီရန် အောက်တိုဘာ ၅

**အီရန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ သဲကန္တာရအတွင်း ၈ကီလိုမီတာ (၅ ဒသမ ၅မိုင်)ခန့် ယောင်ချာချာဖြင့် ခြေဦးတည့်ရာသွားနေသော လ ၂၀ အရွယ်သာရှိသေးသည့် ကလေးငယ်တစ်ဦးကို ၎င်း၏ခြေရာများအတိုင်း နောက်မှလိုက်၍ ရှာဖွေခဲ့ရာမှ မိဘများက ပြန်လည်တွေ့ရှိခဲ့ရကြောင်း ရဲတပ်ဖွဲ့က တနင်္ဂနွေနေ့၌ ပြောကြားသည်။**

**ခြေရာခံမိ**

**အီရန်နိုင်ငံ ဆာဂျင်မြို့အနီး ကျေးရွာကလေးတစ်ရွာတွင် နေအိမ်၌ ဆော့ကစားနေသော လ ၂၀အရွယ်ရှိ ကလေးငယ်လေးပျောက်ဆုံးနေကြောင်းကို အင်္ဂါနေ့နံနက်ပိုင်းတွင် မိဘများက သိရှိခဲ့ကြသည်။ ကလေးငယ်လေးအား ပြီးခဲ့သည့်ညမှသာ ခြေရာခံမိခဲ့ပြီး ရှာတွေ့ခဲ့ကြခြင်း ဖြစ်သည်။**

**ကလေးငယ်လေး၏ မိသားစုများနှင့် အခြားကျေးရွာသားများက ကလေးငယ်လေး ပျောက်ဆုံးကြောင်း သိရသည်နှင့် သဲကန္တာရအတွင်းသို့ လှည့်ပတ်ရှာဖွေခဲ့ကြကြောင်း အီရန်နိုင်ငံအရှေ့တောင်ပိုင်း ကာမင်ပြည်နယ်မှ ရဲအရာရှိတစ်ဦးဖြစ်သူ မိုဂါဒတ်ခ်က ပြောကြားသည်။**

**ရဲတပ်ဖွဲ့ဝင်များနှင့် ကျေးရွာသားများက ကလေးငယ်လေး၏ သွားရာလမ်းကြောင်းအတိုင်း လိုက်လံရှာဖွေခဲ့ရာတွင် သဲကန္တာရအတွင်း တစ်နေရာ၌ ထိုင်နေသော ကလေးငယ်လေးကို တွေ့ရှိခဲ့ကြသည်။ ကလေးငယ်လေးသည် သူ၏မိဘများကို တွေ့ရှိလိုက်ရသောအချိန်၌ ငိုကြွေးခဲ့ကြောင်း ရဲအရာရှိ မိုဂါဒတ်ခ်က ပြောကြားသည်။**

အမ်အင်အေ၊ရိုက်တာ




## အီရတ်နိုင်ငံရှိ ပိုလန်တပ်ဖွဲ့များ ၂၀၀၅ ခုနှစ်အကုန် ရုပ်သိမ်းမည်

**ဝါဆော အောက်တိုဘာ ၅**

ဥရောပတွင် ဝါရှင်တန်၏ ခိုင်မြဲသော မဟာမိတ်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ပိုလန်နိုင်ငံသည် ၎င်း၏ တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ လာမည့်နှစ်ကုန်တွင် ရုပ်သိမ်းမည်ဖြစ်ကြောင်း တနင်္လာနေ့က ပြောသည်။

**တစ်ချိန်တည်းဖြစ်သင့်**

ယခုအခါ အီရတ်တောင်ပိုင်း ဗဟိုဒေသကို ထိန်းချုပ်ထားသော အဆိုပါတပ်ဖွဲ့ဝင်များအား ရုပ်သိမ်းမည့် နောက်ဆုံးရက်သည် ၂၀၀၅ခုနှစ်၌ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သက်တမ်း ကုန်ဆုံးချိန်နှင့် တစ်ချိန်တည်းဖြစ်သင့်ကြောင်း ပိုလန် ကာကွယ်ရေးဝန်ကြီး ဂျာဇီစမတ်ဇင်စကီးက ကာဇီတာဝီဘော်ဇာ သတင်းစာကို ပြောကြားသည်။

မိမိ၏ ထင်မြင်ယူဆချက်အရ အဆိုပါ နောက်ဆုံးရက်သည် လုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက် ၁၅၄၆ ကုန်ဆုံးသည့်နေ့ ဖြစ်သင့်ကြောင်း ၎င်းက ပြောကြားသည်။

လာမည့်နှစ်ကုန်ကို ဆိုလိုသည့် အဓိပ္ပာယ်ဟုတ်မဟုတ် မေးမြန်းသည့်အခါ မိမိတို့၏ တပ်ဖွဲ့များရုပ်သိမ်းရေးအတွက် ထိုအချိန်ဖြစ်သင့်သည်ဟု ပြောကြားသည်။

ပိုလန်နိုင်ငံသည် ပိုလန်တပ်ဖွဲ့ဝင် ၂၅၀၀၀န်းကျင် အပါအဝင် နိုင်ငံစုံတပ်ဖွဲ့ ၈၀၀၀ကို အုပ်ချုပ်ထားသည်။ အီရတ်တွင် လာမည့်နှစ်စောစောပိုင်း၌ အထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီးနောက်တွင် ၎င်း၏တပ်ဖွဲ့ဝင်များအား သိသိသာသာ လျှော့ချရန် စီစဉ်ထားကြောင်း စမတ်ဇင်စကီးက စောစောပိုင်းက ပြောကြားခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

# ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီများ တိုးမြှင့်ကူညီရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား တရုတ်ဘဏ္ဍာရေးဝန်ကြီး ဆော်ဩ

ဝါရှင်တန် အောက်တိုဘာ ၅

**ဖွံ့ဖြိုးတိုးတက်ရေး အကူအညီများ တတ်နိုင်သမျှ မြန်မြန်ထက်ထက်တိုးမြှင့်ကူညီပေးရန် မိမိတို့ တာဝန်ယူထားမှုအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများအား တရုတ်ဘဏ္ဍာရေးဝန်ကြီး ကျင်ရင်ကျင်းက စနေနေ့က ဆော်ဩလိုက်သည်။**

ဖွံ့ဖြိုးဆဲနိုင်ငံများသည် မိမိတို့၏ ပြုပြင် ပြောင်းလဲရေး ကြိုးပမ်းမှုများကို အထောက်အကူဖြစ်ရန် ဖွံ့ဖြိုးပြီးနိုင်ငံများမှ လုံလောက်သော ငွေကြေးအထောက်အပံ့များ ရရှိရန်လိုအပ်ကြောင်း၊ ယင်းအထောက်အပံ့သည် ကုလသမဂ္ဂက ချမှတ်ထားသည့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အောင်မြင်စေရန် မလွဲမသွေ လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ဖွံ့ဖြိုးရေးကော်မတီနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)တို့၏ အကြိမ် (၇၀)မြောက် ပူးတွဲအစည်းအဝေးကြေညာချက်တွင် ကျင်က ပြောကြားသည်။

### ပြောကြား

ဖွံ့ဖြိုးပြီးနိုင်ငံများမှ တရားဝင်ဖွံ့ဖြိုးရေး အကူအညီများအားလုံးသည် ယင်းတို့၏ အမျိုးသား အသားတင်ထုတ်ကုန်(ဂျီအင်န်ပီ)၏ ၀ ဒသမ ၂၃ရာခိုင်နှုန်းသာလျှင်ရှိကြောင်း၊ ယင်းပမာဏသည် ကုလသမဂ္ဂ၏ မျှော်မှန်းထားသည့် ၀ ဒသမ ၇ ရာခိုင်နှုန်းထက် အလွန်နည်းပါးနေကြောင်း၊ ယင်းတို့၏ ဂျီအင်န်ပီအချိုးသည် ၁၉၉၀ ပြည့်လွန်နှစ်များက အချိုးထက်နည်းနေကြောင်း၊ သို့ရာတွင် အချို့သောနိုင်ငံများသည် အဆိုပါမျှော်မှန်းချက် ၀ ဒသမ ၇ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

### ပြင်ဖို့လို

ယခုလောလောဆယ်၌ ဖွံ့ဖြိုးပြီးနိုင်ငံများ၏ တစ်နှစ်စစ်အသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ရှိကြောင်း၊ ယင်းတို့၏ စိုက်ပျိုးရေးအသုံးစရိတ်သည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ရှိကြောင်း၊ တရားဝင်ဖွံ့ဖြိုးရေး အကူအညီများပေးရာတွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ထက်နည်းနေကြောင်း၊ ယင်းပမာဏကို ပြင်ဖို့လိုအပ်နေပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။

၂၀၁၅ခုနှစ် မတိုင်မီအချိန် ကန့်သတ်ချက်ပေး၍ နိုင်ငံတကာအသိုင်းအဝိုင်းက မိမိတို့ ယင်းကိစ္စအပေါ် အဓိကဆွေးနွေးမည်ဟု ယုံကြည်သည့် ငွေကြေးကွာဟချက်ကို ဆွေးနွေးရမည်ဖြစ်ကြောင်း ကျင်က ဆက်လက် ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**



**ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ လူစည်ကားရာ လမ်းမကြီးပေါ်တွင် နိုင်ငံခြားခရီးသွားဧည့်သည်များသုံးဘီးအနေးယာဉ်ဖြင့် လှည့်လည်နေကြသည်ကို အောက်တိုဘာ ၄ ရက်က တွေ့ရစဉ်။** (ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားခရီးသွားများ လာရောက်လည်ပတ်မှုသည် ယခုနှစ် ပထမကိုးလတွင် ၂ ဒသမ ၁သန်းရှိခဲ့ပြီး နှစ်အလိုက်တိုးတက်မှုမှာ ၃၀ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းသိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**



# ပုဂ္ဂလိက အခန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက် ဂျပန်နိုင်ငံ၏စီးပွားရေး မှန်မှန်တိုးတက်လျက်ရှိ

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ငန်းရှင်ကြီးများအတွင်း စီးပွားရေးလုပ်ငန်း ယုံကြည်မှုနှင့်ပတ်သက်၍ ဂျပန်ဘဏ်က ပိုမိုကောင်းမွန်သော အစီအစဉ်များကို ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်းတွင် ပြည်တွင်းစီးပွားရေးအလားအလာနှင့်စပ်လျဉ်း၍ ဂျပန်စီးပွားရေးလုပ်ငန်း အသိုင်းအဝိုင်းက ယုံကြည်မှုရှိကြောင်း သောကြာနေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

### မြင့်တက်

ဂျပန်နိုင်ငံ၏ လက်ရှိစီးပွားရေးအခြေအနေများကို သိသာထူးခြားစွာ ခိုင်မာတောင့်တင်းကြောင်း မိမိယုံကြည်ယူဆသည်ဟု ဂျပန်ကော်ပိုရေးရှင်းအမှုဆောင်များအသင်းဥက္ကဋ္ဌ ကာကူတာရိုကီတာရှိရိုက ပြောကြားသည်။

မစ္စတာကီတာရှိရိုသည် ဂျပန်ဘဏ်(ဘီအိုဂျေ)၏ တန်ကန်သုံးလပတ်အစီရင်ခံစာနှင့်ပတ်သက်၍ ဝေဖန်ချက်ပေးခဲ့သည်။ ယင်းဘီအိုဂျေ၏ တန်ကန်သုံးလပတ်အစီရင်ခံစာ၌ စက်မှုကုန်ထုတ်လုပ်ငန်းရှင်ကြီးများအတွက် စီးပွားရေးယုံကြည်မှုအညွှန်းကိန်းသည် စက်တင်ဘာလအထိ သုံးလတာအတွက် ၂၆မှတ်ရှိခဲ့ရာ အစောပိုင်းသုံးလက ရှိခဲ့သည့် ၂၂မှတ်ထက် မြင့်တက်ခဲ့သည်ကို တွေ့ရသည်။

### မှန်မှန်တိုးတက်

ယင်းသို့ဆိုသော်လည်း စက်မှုကုန်ထုတ်လုပ်ငန်းရှင်ကြီးများ၏ ယုံကြည်မှုအညွှန်းကိန်းသည် ဒီဇင်ဘာလအထိ လာမည့်သုံးလပတ်အတွက် ၂၁မှတ်ဖြစ်သည်။ တန်ကန်အစီရင်ခံစာသည် ဂျပန်နိုင်ငံ၏စီးပွားရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ အနည်းငယ်သတိထားစရာ ဖြစ်ခဲ့သော်လည်း ပုဂ္ဂလိကအခန်းကဏ္ဍအား တိုးတက်စေခြင်းဖြင့်ဂျပန်နိုင်ငံသည် ၎င်း၏စီးပွားရေးကို မှန်မှန်တိုးတက်စေမည်ဖြစ်ကြောင်း ကီတာရှိရိုက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## တင်ပို့

**တောင်ကိုရီးယားနိုင်ငံမှ ပြည်ပသို့ တင်ပို့မည့် မော်တော်ယာဉ်များကို ဆိပ်ကမ်း၌ အောက်တိုဘာ ၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# တိဗက်ဒေသနှင့် တောင်အာရှနိုင်ငံများ ကုန်သွယ်မှုတိုးချဲ့

**လာဆာ အောက်တိုဘာ ၅**

တိဗက် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသသည် တောင်အာရှနိုင်ငံများနှင့် ကုန်သွယ်မှု ချဲ့ထွင်လာခြင်းကြောင့် ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးမှုနှင့် အခြေခံအဆောက်အအုံများတိုးတက်လာမှုက ယင်းဒေသ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်ကို သက်သေပြလျက်ရှိသည်။

တိဗက်ဒေသသည် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ကောင်းသော ကုန်သွယ်မှုအစဉ်အလာများကို ကာလကြာရှည်စွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သောကြောင့် နောက်ထပ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ရရှိခဲ့ကြောင်း စီးပွားရေးနှင့်နည်းပညာသုတေသနဌာနမှ ဒေါက်တာလီကွင်းက ဆိုသည်။ တိဗက်ဒေသသည် အိန္ဒိယ၊ နီပေါ၊ မြန်မာနိုင်ငံတို့နှင့် ကီလိုမီတာ ၄၀၀၀ကျော် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ကုန်သွယ်မှုပြုရန် ဆိပ်ကမ်းငါးခုနှင့် နယ်စပ်ကုန်သွယ်ရေးစခန်း ၂၃ခု ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# နီပေါလူမျိုးများတွင် သတင်းစာဆရာဖြစ်လိုသူ များလာ

ခတ္တမန္ဒူ အောက်တိုဘာ ၅

**နီပေါ၌ သတင်းစာဆရာသင်တန်းသား ၂၅၀ကျော်အား အသိအမှတ်ပြု အောင်လက်မှတ်လေးမျိုးကို ဂလိုဘယ်မီဒီယာနှင့် ဗဟိုသုတေသနဌာနက ခတ္တမန္ဒူမြို့၌ စနေနေ့နံနက်ပိုင်းက ပေးအပ်လိုက်သည်။**

သတင်းစာဆရာဖြစ်လိုကြသည့် နီပေါလူမျိုးများ ပိုမိုများလာကြောင်း အဆိုပါဌာနအကြီးအကဲလက်ဇ်မန်ဒတ်တာဖန့်က ဆုချီးမြှင့်ရေးအခမ်းအနားတွင် ဆင်ဟွာသို့ ပြောကြားသည်။

နီပေါနိုင်ငံ၏ ပထမဆုံးသော သတင်းစာဆရာစာအုပ်ကို အဆိုပါအခမ်းအနား၌ ထုတ်ဝေလိုက်ပြီဖြစ်ကြောင်း သိရသည်။ နီပေါမီဒီယာလုပ်ငန်းတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖော်ထုတ်ရန် ရည်ရွယ်၍ အဆိုပါဌာနကို ၂၀၀၀ပြည့်နှစ်ဇန်နဝါရီလက တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

### ပိုမိုစိတ်ဝင်စား

အဆိုပါ သတင်းစာပညာသင်တန်းကျောင်းမှ နီပေါလူမျိုး ၁၆၀၀အား သတင်းစာပညာများ သင်ကြားပေးကာ အောင်လက်မှတ်များ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ နီပေါလူမျိုးများသည် သတင်းစာပညာသင်ရိုးများကို ပိုမိုစိတ်ဝင်စားလာကြကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။ ယင်းသင်တန်းကျောင်းက ချီးမြှင့်ပေးအပ်သော အောင်လက်မှတ်လေးမျိုးမှာ ပုံနှိပ်ထုတ်ဝေရေး အောင်လက်မှတ်၊ သတင်းနှင့်ဓာတ်ပုံဆိုင်ရာ အောင်လက်မှတ်၊ သတင်းဖမ်းယူထုတ်လွှင့်ရေးအောင်လက်မှတ်နှင့် ဆက်သွယ်ရေးဆိုင်ရာ အောင်လက်မှတ်များ ဖြစ်သည်။

### အဓိကသင်ရိုး

သတင်းစာဖတ်ရှုခြင်း၊ ဓာတ်ပုံနည်းပညာများ သင်ကြားခြင်း၊ မှတ်တမ်းများထုတ်လုပ်ခြင်း၊လက်ရေးသတင်းစာထုတ်ဝေခြင်း၊ ပြည်သူနှင့်ဆက်ဆံပြောဆိုခြင်း၊ သတင်းပေးပို့ခြင်း၊ ထူးခြားအကြောင်းအရာများ ရေးသားခြင်း၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းနှင့် ဆောင်းပါးများရေးသားခြင်းသည် အဆိုပါသင်တန်းကျောင်း၏ အဓိကသင်ရိုးများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ထူးချွန်ထက်မြက်သည့် သတင်းစာသင်တန်းဆင်းများအား ကျော်ကြားသည့် သတင်းစာများ၊ အမျိုးသားရုပ်မြင်သံကြားနှင့် ရေဒီယိုဌာနများက ကြိုဆိုလျက်ရှိကြောင်း၊ ယင်းတို့အနက် ၁၁၆ဦးမှာ အမျိုးမျိုးသော မီဒီယာများတွင်ဝင်ရောက်လုပ်ကိုင်ကြကာ ကျော်ကြားသည့် သတင်းစာဆရာများ၊ ဓာတ်ပုံဆရာများ ပေါ်ထွန်းလာခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# နှစ်ငါးသိန်းခန့်က ပီကင်းလူသား ပေကျင်း၌ပြသထား

ပေကျင်း အောက်တိုဘာ ၅

**နှစ်ပေါင်းငါးသိန်းက ပီကင်းလူသား ဦးခေါင်းခွံကို ပေကျင်းမြို့ ချောကိုဒီယန် ပီကင်းလူသားပြခန်း၌ ကြာသပတေးနေ့က ပြသထားသည်။ ယင်းပီကင်းလူသားဦးခေါင်းကို ၁၉၂၉ခုနှစ်က ပေကျင်းမြို့လယ်၌ အနောက်တောင်ဘက် ကီလိုမီတာ ၅၀အကွာ ချောကိုဒီယန်၌ တရုတ်ရှေးဟောင်း သုတေသီများက တူးဖော်တွေ့ရှိခဲ့သည်။ ၎င်းတို့သည် ပီကင်းလူသား ဦးခေါင်းခွံငါးခုတွေ့ရှိခဲ့ပြီး ယင်းအနက် သုံးခုမှာ ဒုတိယကမ္ဘာစစ်အတွင်း ပျောက်ဆုံးခဲ့ကာ နှစ်ခုမှာ ၁၉၆၆ခုနှစ်က ပြန်တွေ့ခဲ့သည်ဟုဆိုသည်။**

အမ်အင်အေ၊ဆင်ဟွာ

# ဗီယက်နမ်၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးတက်

**ဟန္နိုင်း အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံ၏ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်)သည် ယခုနှစ်ပထမကိုးလတွင် အမေရိကန်ဒေါ်လာ ၂ဒသမ၉၇ဘီလီယံရှိလာကြောင်း၊နှစ်ချင်းအလိုက် ၄၁ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။ အဆိုပါကာလတွင်ဗီယက်နမ်နိုင်ငံသည်လုပ်ငန်းအသစ် ၅၁၈ခု ရင်းနှီးမြှုပ်နှံမှုမှ ဒေါ်လာ၁ဒသမ ၆၇ ဘီလီယံ၊ လက်ရှိဆောင်ရွက်နေသော လုပ်ငန်း ၃၄၂ခုမှ ဒေါ်လာ ၁ဒသမ၃ဘီလီယံ ရရှိထားကြောင်း၊ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ကြီးဌာနကစနေနေ့၌ပြောကြားသည်။

အက်ဖ်ဒီအိုင်၏ အများဆုံးမှာ စက်မှုလုပ်ငန်း၊ ဆောက်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပြီး ဗီယက်နမ်နိုင်ငံ၏ ပထမသုံးလတွင် အများဆုံးရင်းနှီးမြှုပ်နှံသူများမှာ တရုတ် (တိုင်ပေ)၊ ကနေဒါ၊ တောင်ကိုရီးယားနှင့် ဂျပန်တို့ ပါဝင်ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်၌ ကုလသမဂ္ဂအား အကာအကွယ်ပေးမည့် တပ်ဖွဲ့ဝင်များ ပါဝင်ကူညီရေး ကုလအတွင်းရေးမှူးချုပ်၏ အဆိုပြုချက်များကို လုံခြုံရေးကောင်စီလက်ခံကြိုဆို

ကုလသမဂ္ဂ အောက်တိုဘာ ၅

**ကုလသမဂ္ဂအဆင့်မြင့် အရာရှိများအား အနီးကပ် အကာအကွယ်ပေးမည့် တပ်ဖွဲ့ဝင်များကူညီရေး အပါအဝင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂအထောက်အကူပေး လုပ်ငန်းအဖွဲ့အတွက် လုံခြုံရေး အစီအစဉ်များနှင့် သက်ဆိုင်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏အဆိုပြုချက်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက သောကြာနေ့၌ ထောက်ခံကြိုဆိုလိုက်သည်။**

ကုလသမဂ္ဂ ဝန်ထမ်းများနှင့် ယင်း၏ပရဝဏ်လုံခြုံရေးကိစ္စသည် အီရတ်သို့ ကုလသမဂ္ဂ ပြန်လည်သွားရောက်ရေးတွင် အဓိကကျသော အကြောင်းအရာဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မကြာသေးမီက ပေးပို့ခဲ့သည့် စာတွင် နိုင်ငံတကာဆိုင်ရာ လုံခြုံရေး အမှုထမ်းများ၊ အကာအကွယ်ပေးမှု ညှိနှိုင်းဆောင်ရွက်ရေးအရာရှိများနှင့် အစောင့်တပ်ဖွဲ့များကို အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းတောင်းဆိုထားသည်။



ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန် စစ်ယာဉ်တစ်စီး မီးလောင်နေသည်ကို အောက်တိုဘာ၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## လုံခြုံရေး

ထိုလုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများသည် အီရတ်နိုင်ငံအနှံ့တွင် လုံခြုံရေး တာဝန်ယူရမည် ဖြစ်သည်။

ယင်းလုံခြုံရေး အဖွဲ့အစည်းများ၏ အထူးလုပ်ငန်းတာဝန်များဆောင်ရွက်သောအဖွဲ့အစည်းများသည်ကုလသမဂ္ဂ အထောက်အကူပြု လုပ်ငန်းအဖွဲ့မှ ပုဂ္ဂိုလ်များရုံးချုပ်အပြင်ဘက်သို့ခရီးသွားသည့်အခါ ထိုပုဂ္ဂိုလ်များအားအနီးကပ်ကာကွယ်ရန် တာဝန်ရှိမည် ဖြစ်သည့်အပြင် ကုလသမဂ္ဂ ပရဝဏ်လုံခြုံရေးအတွက်လည်းတာဝန်ရှိမည်ဖြစ်သည်။

လုံခြုံရေးအဖွဲ့အစည်းများအတွက် တပ်ဖွဲ့ဝင်များရရှိမှုနှင့် ပတ်သက်၍ တိုးတက်မှုအခြေအနေကိုမေးမြန်းရာတွင် ယခုအချိန်၌ ပြောကြားရန်စောလွန်းသေးကြောင်း ကိုဖီအာနန်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတို့ ကျူးကျော်စစ်ဆင်နွှဲမှု ကုလသမဂ္ဂ၏ ခွင့်ပြုချက်မပါသော တစ်ဖက်သတ်လုပ်ရပ်ဟု အီရန်ဝေဖန်

တီဟီရန် အောက်တိုဘာ ၄

**အီရတ်နိုင်ငံ၏ အိမ်နီးချင်းဖြစ်သော အီရန်နိုင်ငံသည် အမေရိကန်နှင့် အပေါင်းပါတပ်များက အီရတ်ကို ကျူးကျော်မှုအား အစဉ်တစိုက်ဆန့်ကျင်ခဲ့သည့် နိုင်ငံဖြစ်ကာ ၎င်းတိုက်ခိုက်မှုသည် ကုလသမဂ္ဂ၏ ထောက်ခံခွင့်ပြုချက်လည်း မပါဝင်ကြောင်း ဝေဖန်ခဲ့သည်။**

အီရန် နိုင်ငံခြားရေးဝန်ကြီးက မားလ်ခါရာဇီက အီရတ်နိုင်ငံအား ကျူးကျော်မှုသည် တစ်ဖက်သတ်လက်ဦးမှုရယူသော နည်းပေါ်တွင် အခြေခံခဲ့ခြင်းဖြစ်ပြီး လတ်တလောအီရတ်၌ ဖြစ်ပွားနေသည့် လုံခြုံရေး မတည်ငြိမ်မှုများသည် ၎င်းနည်းဗျူဟာ၏ ရလဒ်များပင်ဖြစ်ကြောင်း ထောက်ပြ ပြောကြားခဲ့သည်။ ထို့အပြင် အီရတ်အစိုးရနှင့် ကာကွယ်ရေးတပ်ဖွဲ့များက လုံခြုံရေး တာဝန်ယူသင့်ပြီး နိုင်ငံခြားတပ်ဖွဲ့များ အီရတ်မှ ထွက်ခွာသွားသင့်ကြောင်းလည်း ပြောကြားခဲ့သည်။

## ဝင်ရောက်စွက်ဖက်

အီရတ်နိုင်ငံ၏ ပြည်တွင်းရေးတွင် အီရန်နိုင်ငံက ဝင်ရောက်စွက်ဖက်နေကြောင်း အမေရိကန်၏ စွပ်စွဲချက်နှင့် ပတ်သက်ပြီး လုံးဝ မဟုတ်မှန်ကြောင်း၊ အီရန်နိုင်ငံသည် ၎င်း၏ အဆက်အသွယ်ကို အသုံးချကာ အီရတ်နိုင်ငံတွင်း အခြေအနေ ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**(စီအင်န်အင်န်)**

# အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတပ်ဖွဲ့ဝင်များနှင့် အမေရိကန်-အီရတ်တပ်ဖွဲ့ဝင်များ ညလုံးပေါက် တိုက်ပွဲဖြစ်ပွား

**ဆာမာရာ အောက်တိုဘာ ၅**

အီရတ်နိုင်ငံ ဆာမာရာမြို့တွင် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားများနှင့် အမေရိကန်-အီရတ်တပ်ဖွဲ့များသောကြာနေ့ညက ညလုံးပေါက် တိုက်ပွဲဖြစ်ပွားခဲ့ရာ၌ လူငါးဦးသေဆုံးပြီး ၂၀ဒဏ်ရာရခဲ့ကြောင်းဆရာဝန်တစ်ဦးက စနေနေ့တွင် ပြောကြားခဲ့သည်။

အမေရိကန် စစ်လေယာဉ်က အဆိုပါ ဆာမာရာမြို့၏ နေရာအစိတ်အပိုင်း အများအပြားကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး တင့်ကားများက မြို့ထဲသို့ ဝင်ရောက်ခဲ့ကြကြောင်း ဒေသခံများက ပြောဆိုခဲ့ကြသည်။ သေဆုံးသူ ငါးဦးမှာ ပြောက်ကျားများ သို့မဟုတ် အရပ်သားများ ဟုတ်မဟုတ် အတိအကျ မသိရဟုဆိုသည်။

သောကြာနေ့ညက ထုတ်ပြန်သည့် ကြေညာချက်တွင် အစိုးရနှင့် ရဲအဖွဲ့အဆောက်အအုံများကို လုံခြုံရေးဆောင်ရွက်ပေးခဲ့သည့်အပြင် မြို့တွင်းရှိ အခြားထင်ရှားသော နေရာများအားလည်း လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားခဲ့သည်။

ထိုနေ့ညက တိုက်ပွဲဖြစ်ပွားခဲ့ရာတွင် အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားတို့က ဒုံးပစ်လောင်ချာများ၊ လက်လုပ်ဗုံးများ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း သိရသည်။

**အမ်အင်အေ၊ရိုက်တာ**



**ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးအရပ်တွင် လုံခြုံရေးစောင့်ကြပ်နေသော အီရတ်ပြောက်ကျားတစ်ဦးကို အောက်တိုဘာ၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ဓားစာခံ အင်ဒိုနီးရှားအမျိုးသမီးနှစ်ဦးအား အီရတ်ပြောက်ကျားတို့ ပြန်လွှတ်ပေးခဲ့

အဘူဒါဘီ အောက်တိုဘာ ၅

**အီရတ်ခုခံတိုက်ခိုက်ရေးပြောက်ကျားအုပ်စုတစ်စုက ဓားစာခံအဖြစ်ဖမ်းဆီးထားခဲ့သော အင်ဒိုနီးရှားအမျိုးသမီးနှစ်ဦးအား လွှတ်ပေးလိုက်ပြီးနောက် ဘဂ္ဂဒက်ရှိ အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)သံရုံးသို့ လွှဲပြောင်းပေးခဲ့ကြောင်း အဘူဒါဘီရုပ်မြင်သံကြားက တနင်္လာနေ့၌ သတင်းထုတ်လွှင့်ခဲ့သည်။**

အဆိုပါ ဓားစာခံ အင်ဒိုနီးရှား အမျိုးသမီးနှစ်ဦးအား နိုင်ငံတကာဆိုင်ရာ ကြက်ခြေနီအဖွဲ့သို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ ယူအေအီးသံတမန်တစ်ဦး၏ ပြောကြားချက်ကို အဘူဒါဘီရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ပေးခဲ့သည်။

## ရိုက်ကူးပြသ

အဘူဒါဘီရုပ်မြင်သံကြားက အမျိုးသမီးနှစ်ဦးအား ယူအေအီးသံရုံး၏ ယာယီတာဝန်ခံသံမှူးနှင့်အတူ ရိုက်ကူးပြသပေးခဲ့သည်။

## ပြန်ပေးဆွဲ

အီရတ် ခုခံတိုက်ခိုက်ရေးပြောက်ကျား အုပ်စုတစ်စုသည် လွန်ခဲ့သည့် အပတ်၌ အဆိုပါအင်ဒိုနီးရှားအမျိုးသမီးနှစ်ဦးအား အခြားလုပ်ဖော်ကိုင်ဖက် ရှစ်ဦးနှင့်အတူ ပြန်ပေးဆွဲခေါ်ဆောင်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့အားလုံးမှာ ဗြိတိသျှလျှပ်စစ်ကုမ္ပဏီတစ်ခု၌ အလုပ်လုပ်ကိုင်နေကြသူများ ဖြစ်ကြသည်။

## ပြောကြား

အင်ဒိုနီးရှား အမျိုးသမီးနှစ်ဦးအား ပြန်ပေးဆွဲခဲ့သော အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားအုပ်စုက အကြမ်းဖက်မှု မသက်ဆိုင်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံက ဖမ်းဆီးထားခဲ့သော အဘူဘေကာဘာရှီယာဆိုသူ ဘာသာရေးခေါင်းဆောင်အား အင်ဒိုနီးရှားနိုင်ငံက ပြန်လွှတ်ပေးမည်ဆိုလျှင် ထိုအမျိုးသမီးနှစ်ဦးကို လွှတ်ပေးမည်ဟု နောက်ပိုင်း၌ ပြောကြားခဲ့သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# ပြန်လွတ်လာသော အီရန်သံတမန် တီဟီရန်မြို့သို့ ရောက်ရှိ

**တီဟီရန် အောက်တိုဘာ ၅**

ဩဂုတ်လအတွင်း အီရတ်၌ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသော အီရန်သံတမန်ဖီရေးဒွန်ဂျဟာနီသည် ပြန်လွှတ်မြောက်လာခဲ့ပြီးနောက် တီဟီရန်သို့ ဗုဒ္ဓဟူးနေ့၌ ပြန်ရောက်လာခဲ့ကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။

မိမိကို ဖမ်းဆီးခဲ့ပြီးနောက် ပထမ၌ နှိပ်စက်ခံခဲ့ရကြောင်း၊ နောက်ပိုင်း၌ ဖမ်းဆီးသူများသည် မိမိအပေါ် သဘောထား ပြောင်းသွားခဲ့ကြောင်း ဂျဟာနီက ပြောကြားသည်။

၎င်းသည်သံတမန်တစ်ဦး မဟုတ်ကြောင်း လူထုဆက်သွယ်ရေးအချို့က ရေးသားခဲ့ကြသည်ကို ဂျဟာနီက မိမိသည် အီရတ်နိုင်ငံထဲသို့ တရားဝင် ဝင်ရောက်ခဲ့ပြီး သံတမန် နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားကြောင်း ပြောဆိုသည်။

မိမိသည် သံတမန်ဖြစ်ကြောင်း အီရတ်ဆိုင်ရာအီရန်နိုင်ငံ၏ ကောင်စစ်ဝန်အဖြစ် မိမိအား ခန့်အပ်ခဲ့ကြောင်း၊ သံတမန်တစ်ဦးအဖြစ် အီရတ်နိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

ပြန်ပေးသမားများသည် ဦးစွာ ပထမ အီရတ်စစ်အကျဉ်းသားများကို လွှတ်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ ထိုသို့ဆိုသော်လည်း မကြာမီ၌ အီရန်တွင် အီရတ်စစ်အကျဉ်းသားများ မရှိသည်ကို သဘောပေါက်လာခဲ့ကြောင်း ဂျဟာနီကဆက်လက်ပြောကြားသည်။

ဂျဟာနီသည် ဩဂုတ် ၄ရက်၌ ဘဂ္ဂဒက်မှ ကာဘာလာသို့ အသွားလမ်းတွင်ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မီးသတ်ယာဉ်များ ကြည့်ရှုစစ်ဆေး ပေးပို့ရမည့်ဒေသများသို့ စနစ်တကျအမြန်ပို့ဆောင်ရေးမှာကြား

ရန်ကုန် အောက်တိုဘာ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာနရုံးချုပ်၌ မီးသတ်ဦးစီးဌာနမှ အင်ဂျင်နီယာအရာရှိများ ပြုပြင်တည်ဆောက်ထားသည့် ကချင်ပြည်နယ် မိုးမောက်မြို့နယ်နှင့် နမ္မတီးမြို့နယ်သို့ ထုတ်ပေးမည့် တီအီး မီးသတ်ယာဉ်နှစ်စီး၊ ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်၊ မန်တုံမြို့နယ်နှင့် နမ့်ပေါင်ကျေးရွာသို့ ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ်သုံးစီး၊ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်သို့ ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ်ခြောက်စီးကို ကြည့်ရှုစစ်ဆေးသည်။

### အမြန်ပို့ဆောင်ရေး မှာကြား

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်းတို့ တက်ရောက်ကြပြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ မီးသတ်ယာဉ်များလက်ခံမည့် မြို့နယ် ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ပေးပို့ရမည့်ဒေသများသို့ စနစ်တကျ အမြန်ပို့ဆောင်ရေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား မိုးမောက်၊ နမ္မတီး၊ ညောင်ရွှေ၊ မန်တုံ၊ နမ့်ပေါင်နှင့် မြောက်ဦးမြို့များအတွက် ထုတ်ပေးမည့် တီအီးမီးသတ်ယာဉ်ခြောက်စီးကို ကြည့်ရှုစစ်ဆေးစဉ်။

(မီးသတ်ဦးစီး)

# သိရီမင်္ဂလာမဟာစည်ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၆

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) သိရီမင်္ဂလာမဟာစည်ရိပ်သာ၌ ဝါကပ်တော်မူကြမည့် သံဃာတော်များနှင့် ပင့်သံဃာ ၁၀၈ ပါးတို့အား မဟာစည်ရိပ်သာ စောင့်ရှောက်ရေးအဖွဲ့နှင့် အလှူရှင်များစုပေါင်းကာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ၁၃၆၆ ခုနှစ် တော်သလင်းလကွယ်နေ့ (အောက်တိုဘာ ၁၃ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၉ နာရီ တွင် သိရီမင်္ဂလာမဟာစည်ရိပ်သာ မြဝတီမင်းကြီး ၁လမ်း (၅၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း) ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ ကိုယ်တိုင်ကပ်လှူတရားတော်နာကြွရောက်ကြပါရန် သိရီမင်္ဂလာ မဟာစည်ရိပ်သာ ဖုန်း-၅၈၀၄၅၄က ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

# လယ်ယာဖွံ့ဖြိုးရေးတိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် သမဝါယမကဏ္ဍမြှင့်တင် သမဝါယမစက်ရုံများစက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၆

**ဗဟိုသမဝါယမအသင်းနှင့် သမဝါယမအသင်းစုချုပ်များ၏ လုပ်ငန်းတိုးမြှင့်အကောင်အထည်ဖော်ရေး လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ သမဝါယမ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းဒုတိယ အထွေထွေမန်နေဂျာ၊ ဗဟိုသမဝါယမ အသင်း ဥက္ကဋ္ဌနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ သမဝါယမအသင်းစုချုပ်များမှ ဥက္ကဋ္ဌများနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကိုယ်တိုင်ထုတ်လုပ်

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၏ သမဝါယမအသင်းများသည်သက်တမ်း ရှည်လာသည်နှင့်အမျှ ထိုက်သင့်သော အတွေ့အကြုံများ ရရှိလာပြီဖြစ်ကြောင်း၊ ဆက်လက် ကြိုးပမ်း ဆောင်ရွက်သွားလျှင် သမဝါယမများအနေဖြင့် ယခုလက်ရှိထက် ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ သမဝါယမစီမံကိန်း ရည်မှန်းချက်အရ အကောင်အထည် ဖော်နိုင်မှုတွင် လယ်ယာကဏ္ဍပါဝင်မှု အချိုးသည် အခြားကဏ္ဍများထက် သာလွန်နေ၍ လယ်ယာကဏ္ဍဖွံ့ဖြိုးရေးကို တိုးမြှင့် ဆောင်ရွက်မှုဖြင့် သမဝါယမကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာကဏ္ဍအများဆုံး ပါဝင်လျက်ရှိရာ သမဝါယမလယ်ယာကဏ္ဍကို ယခုထက်တိုးမြှင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စက်မှုကဏ္ဍတွင် သမဝါယမစက်ရုံများကို စက်စွမ်းအားပြည့် လည်ပတ်နိုင်အောင် နည်းလမ်းများရှာဖွေ ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုန်ကြမ်းကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သည့် နည်းလမ်းဖြင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

### ကြိုးစားဆောင်ရွက်

နိုင်ငံတော်၏ စီးပွားရေးစီမံကိန်း အောင်မြင်ရန် အခြေခံသမဝါယမ အသင်းများ တောင့်တင်းခိုင်မာပြီး လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုလက်မှု သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်အောင်စည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ သမဝါယမအသင်းများက ကိုယ်တိုင်ထုတ်လုပ်သူများ၊ ကိုယ်တိုင်ကုန်သွယ်မှု၊ ရောင်းချမှု ပြုလုပ်သူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရန် စသည်ဖြင့်မှာကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစုချုပ်၊ စက်မှုလက်မှုကုန်ထုတ်သမဝါယမ အသင်းစုချုပ်၊ ဂျီအီးစီ အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းစုချုပ်၊ ဂျီအီးစီ (ပညာရေး) သမဝါယမအသင်းစုချုပ်၊ ငွေကြေးအသင်းစုချုပ်၊ ရန်ကုန်တိုင်း အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်နှင့် သမဝါယမဘဏ်တို့က ဖွဲ့စည်းပုံနှင့် လုပ်ငန်းတိုးမြှင့်ဆောင်ရွက်မည့် အခြေအနေများကို အသီးသီး တင်ပြကြသည်။

ထို့နောက် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## မြန်မာ့ရုပ်မြင်သံကြား

**၇-၁၀-၂၀၀၄ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၅ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၈း၀၅ | ၆။ | အတီးပြိုင်ပွဲ |
| ၈း၁၀ | ၇။ | အကပဒေသာ |
| ၈း၂၀ | ၈။ | ကျင်းသာရေလှောင်တမံ |
| ၈း၃၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | Let's Go |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | English for Everyday Üse. |
| ၁၆း၄၅ | ၄။ | တေးဂီတအစီအစဉ် |
| ၁၇း၀၀ | ၅။ | အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး) (ဓာတုဗေဒ) |
| ၁၇း၁၅ | ၆။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၁၇း၃၀ | ၇။ | ၂၀၀၄ ခုနှစ်၊ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန်ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး အခြေခံပညာ ၁၅-၂၀ နှစ် (အမျိုးသမီး) |
| ၁၇း၄၅ | ၈။ | **“မူးလျှင်မမောင်းနဲ့ မောင်းလျှင်မမူးနဲ့”** (လူမင်း၊ သူသူဟံသာ၊ အိမ်အိမ်း) (ဒါရိုက်တာ-သက်တင်) |
| ၁၇း၅၀ | ၉။ | နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည် |
| ၁၈း၀၀ | ၁၀။ | တေးဂီတအစီအစဉ် |
| ၁၈း၁၅ | ၁၁။ | နိုင်ငံ့ဂုဏ်ဆောင် မြန်မာမြင်းစီးအားကစား |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **“လူချွန်လူကောင်း”**(အပိုင်း-၁၇) |
| ၁၉း၃၅ | ၁၅။ | ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဇာတ်တော်ကြီးပြိုင်ပွဲ “ရာမာယဏဇာတ်တော်ကြီး” ဆွေးနွေးခန်း |
| ၂၀း၀၀ | ၁၆။ | ပြည်တွင်းသတင်း |
| | ၁၇။ | နိုင်ငံတကာသတင်းများ |
| | ၁၈။ | မိုးလေဝသအခြေအနေ |
| | ၁၉။ | **“အဖြူရင့်ရောင် ဆောင်းရာသီ”** (အပိုင်း-၁) (နိုင်နိုင်၊ ခန့်စည်သူ၊ အောင်လွင်၊ မျိုးသန္တာထွန်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ညွန့်မြန်မာညီညီအောင်) |
| | ၂၀။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၁။ | အစီအစဉ်ပြီး၏။ |



# အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် စက်ရုံတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၆

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်း ရေတာရှည်မြို့နယ် သာဂရရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှု လုပ်ငန်း ဘက်စုံသုံးဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံစီမံကိန်းသို့ရောက်ရှိပြီး စက်ရုံတည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်တွင် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။**

ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် အောက်တိုဘာ၄ရက်တွင် ဘက်စုံသုံး ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုစက်ရုံ စီမံကိန်း၏ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲထွန်းက စက်ရုံအဆောက်အအုံများ တည်ဆောက်မည့် အစီအစဉ်များကိုလည်းကောင်း၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှု လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးသိမ်းက ပြည်ပမှ မှာယူထားသည့် စက်ပစ္စည်းများ ရောက်ရှိမည့် အခြေအနေနှင့် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စီမံကိန်းနယ်မြေအတွင်း ကုန်ပစ္စည်းသိုလှောင်ရုံ၊ အုပ်ချုပ်မှုအဆောက်အအုံနှင့် စက်ရုံအဆောက်အအုံများ ဆောက်လုပ်မည့် မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြေနေရာများကို မျက်နှာပြင်ညီပြီးမှ အဆောက်အအုံများ ဆောက်လုပ်ရန်၊ လျှပ်စစ်ဓာတ်အား အမြန်ရရှိရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်၊ စက်ရုံ အဆောက်အအုံများကို အချိန်ဇယားအတိုင်း ပြီးစီးအောင်ဆောင်ရွက်ရန်၊ စက်သုံးဆီများကို စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲရန်မှာကြားသည်။ **(သတင်းစဉ်)**



# သာသနာပြုလုပ်ငန်းများအသုံးပြုရန်အလှူငွေများလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၆**

မုံရွာမြို့ (ဒေါ်ထွေးဂေါမုတ္တာဆေးတိုက်ပိုင်ရှင်) ဒေါ်ညိုညိုက တောင်တန်းသာသနာပြုလုပ်ငန်းများတွင် အသုံးပြုရန် ငွေကျပ်သိန်း၄၀၊ နိုင်ငံတော်ပရိယတ္တိသာသနတက္ကသိုလ်(ရန်ကုန်) ဆွမ်းစားဆောင်သုံးပစ္စည်းများဝယ်ယူရန် ငွေကျပ် ၁၀သိန်းနှင့် ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် မဟာသိပ္ပံကျောင်း၌ ဖွင့်လှစ်ထားသော အမှတ်(၄) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဘက်စုံမွမ်းမံရေးနှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေး၊ စားရေး၊ ဝတ်ရေး၊ ပရိဘောဂပစ္စည်းများအတွက် အသုံးပြုရန် အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၆၀ ကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် အလှူရှင် ဒေါ်ညိုညို(ကိုယ်စား) မောင်ဖြစ်သူ ဦးကျော်ငြိမ်းက လာရောက်လှူဒါန်းရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်**(အပေါ်ပုံ)**က လက်ခံယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖွံ့ဖြိုးဝေစည်မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်နှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၆**

အမျိုးသားရေးဆောင်ပုဒ်၊ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဖွံ့ဖြိုးဝေစည်မြန်မာပြည်"**ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၄ခုနှစ် အောက်တိုဘာ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံဝါသနာရှင်များသည် အချိန်မီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြရန် သက်ဆိုင်ရာက နှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေရတုသဘင် အထိမ်းအမှတ် စာမူများပေးပို့နိုင်

**ရန်ကုန် အောက်တိုဘာ ၆**

ကော့ကရိတ်မြို့နယ် ကော့ဘိန်းရွာ ကျောင်းကြီး မဟာဝိဟာရပရိယတ္တိ စာသင်တိုက် တည်ထောင်သည့် နှစ်(၅၀)ပြည့် ရွှေရတုသဘင်ကို ၁၃၆၇ ခုနှစ် တပေါင်းလဆန်း ၅၊ ၆၊ ၇၊ ၈ ရက်များတွင် ကျင်းပမည်ဖြစ်သည်။ ရွှေရတုသဘင်အထိမ်းအမှတ်စာစောင်ကို မွန်၊ မြန်မာနှစ်ဘာသာဖြင့် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများကို ၁၃၆၆ ခုနှစ် တပေါင်းလကွယ်နေ့ နောက်ဆုံးထား၍ စာချဆရာတော် ဘဒ္ဒန္တ ဝိသာရဒ ကျောင်းကြီး စာသင်တိုက် ကော့ဘိန်း(ဆ-သ-ရ)စခန်း ကော့ကရိတ်မြို့နယ် ကရင်ပြည်နယ်သို့ ရေးသားပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

# သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်လည်အစည်းအဝေး ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ခင်မောင် တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၆

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ပြည်နယ်နှင့်ခရိုင် တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ၃၀ရက်တွင် တောင်ကုတ်မြို့နယ် ကျော်ကိုင်းကျေးရွာသို့ရောက်ရှိပြီး ကျော်ကိုင်း၊ ဖူးရွှေမော်နှင့် လားမူးကျေးရွာတို့မှ ရပ်မိရပ်ဖများ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျေးရွာစာသင်ကျောင်း သွပ်မိုးရေးကို ဆောင်ရွက်ပေးပြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံမျိုးစေ့များကို ကျေးရွာပြည်သူများအား ပေးအပ်သည်။**

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ခင်မောင်သည် အောက်တိုဘာ၁ရက် နံနက်ပိုင်းတွင် သံတွဲမြို့၌ကျင်းပသည့် သံတွဲခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)သို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်ခင်မောင်နှင့် တာဝန်ရှိသူများက ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသော ခြောက်ဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် လေးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ငါးဦးနှင့် တောင်ကုတ်မြို့နယ်တွင် ဝိဇ္ဇာနှင့်သိပ္ပံဘာသာ အမှတ်အများဆုံးရသူ နှစ်ဦးတို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အောက်တိုဘာ ၆ရက်က ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ပဉ္စမအကြိမ် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးနှင့်ဆေးပစ္စည်းပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။**

**(ကျန်းမာရေး)**




# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း ပူတာအိုမြစ်ကြီးနားသင်တန်းကျောင်းများစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၆**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁ ရက်တွင် ပူတာအိုမြို့သို့ရောက်ရှိပြီး အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပူတာအိုမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး လူငယ်သင်တန်းကျောင်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။ ယင်းနောက် ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများအား ထောက်ပံ့ငွေနှင့် အဝတ်အထည်များပေးအပ်သည်။ ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၄ ရက်တွင် မြစ်ကြီးနားမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့သွားရောက်၍ လိုအပ်သည်များ မှာကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းအဆောက်အအုံများ ထပ်မံဆောက်လုပ်မည့်နေရာကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထစ်ချုန်းရွာမည်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

● ရှေ့ဖုံးမှ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံမှ ဧည့်သည်တော် Mom Rajawongse Disnadda Diskulနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်း တက်ရောက်သည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ အစားထိုးသီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ရှေ့ဆက်လက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရေးကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## အထက(၁)ပဲခူး (ယခင်ဟိုက်စကူးကျောင်း) (၂၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

အထက(၁)ပဲခူး (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသားကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲကို (၂၆)ကြိမ်မြောက်အဖြစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၆ရက်)သောကြာနေ့ မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ အထက(၁) သိရိပညာခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။

ကျောင်းသားကျောင်းသူဟောင်းများသည် ဦးဟုတ်စိန် (ကျောင်းအုပ်ကြီး၊ ငြိမ်း)ဖုန်း-၀၅၂-၂၁၈၉၉၊ ဒေါ်စမ်းစမ်းမြင့် (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၀၅၂-၂၁၀၀၇၊ ဦးရှိန်(ဆန်စက်ပိုင်ရှင်)ဖုန်း-၀၅၂-၂၁၄၅၃၊ ဦးငွေရှိန် (ယုန်ညီနောင်ဆေးလိပ်ရုံပိုင်ရှင်)ဖုန်း-၀၅၂-၂၁၄၁၆၊ ဒုတိယဗိုလ်မှူးကြီးညွန့်ဇော် (ငြိမ်း)ဥက္ကဋ္ဌ၊ ပဲခူးအသင်း၊ ဖုန်း-၀၁-၂၇၈၃၀၅၊ ဦးဟန်ကြူ ဒုတိယဥက္ကဋ္ဌ၊ ပဲခူးအသင်း ဖုန်း-၀၁-၂၈၂၅၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်ွိုင်းမြို့တွင်ကျင်းပမည့် (၅)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးညီလာခံသို့တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

## ဝန်ကြီးချုပ်ရုံးဝန်ကြီးဦးတင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း အာရှ-ဥရောပထိပ်သီး ညီလာခံတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၆

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန်ွိုင်းမြို့၌ အောက်တိုဘာ ၇ ရက်မှ ၉ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**

ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဦးတင်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့အား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုတင်ထွက်ခွာ

အဆိုပါ ညီလာခံသို့တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းတို့သည် ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ဟန်ွိုင်းမြို့သို့ ကြိုတင်ထွက်ခွာသွားကြပြီးဖြစ်သည်။

### တက်ရောက်

ထို့အတူနိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း ခေါင်းဆောင်သော ရှေ့ပြေးကိုယ်စားလှယ်အဖွဲ့သည် ဟန်ွိုင်းမြို့၌ အောက်တိုဘာ ၆ ရက်တွင်ကျင်းပမည့် ညီလာခံကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ကြိုတင်ထွက်ခွာသွားကြပြီးဖြစ်သည်။

**(သတင်းစဉ်)**

■ ကျောဖုံးမှ

လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး ရည်ရွယ်ချက်များဖြင့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ သဘာပတိပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### အပြီးသတ်ဆောင်ရွက်

ရှေးဦးစွာ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များကထက်ပိုပြီး အနှစ်သာရပြည့်ဝစွာဖြင့် စည်စည်ကားကား ကျင်းပနိုင်ရန် ကော်မတီ၊ ဆပ်ကော်မတီများအလိုက် သတ်မှတ်ထားသည့် လုပ်ငန်းတာဝန်များကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးကျင်းပရန် ရက်ပိုင်းမျှသာလိုတော့သည့်အတွက် ကော်မတီအလိုက် တာဝန်ယူလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

### ကြိုတင်စီမံ

မကြာမီရက်ပိုင်းအတွင်း ပြည်နယ်နှင့်တိုင်းအသီးသီးက ပြိုင်ပွဲဝင်များနှင့် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ ရောက်ရှိလာကြတော့မည်ဖြစ်သည့်အတွက် ကြိုဆိုနေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ သွားလာရေး၊ သက်သာချောင်ချိရေးစသည်ဖြင့် ပြိုင်ပွဲဝင်များ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တည်းခိုနေထိုင် ပြိုင်ပွဲဝင်နိုင်စေရေး အဘက်ဘက်ကပြီးပြည့်စုံအောင် ကြိုတင်စီမံဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ကော်မတီ၊ ဆပ်ကော်မတီများ အလိုက် လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းပေးထားပြီးဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့်လည်း မိမိတို့ဌာနများက တာဝန်ယူကူညီဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ယခင်နှစ်များနည်းတူ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းပံ့ပိုးကူညီပေးကြရန် လိုအပ်မှာဖြစ်ကြောင်း၊ ပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာ ကျင်းပနိုင်ရန် ကော်မတီ၊ ဆပ်ကော်မတီများ အနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှု အလေအလွင့်မရှိရန်၊ မကုန်သင့်သည်များ မကုန်စေရန် စနစ်တကျဖြင့် စိစိစစ်စစ်သုံးစွဲကြရေးမှာကြားလိုကြောင်း။

### အကဲဖြတ်အမှတ်ပေး

ယခုနှစ်ပြိုင်ပွဲ အကြိုကာလတွင် ပြည်နယ်အားလုံးနှင့် တနင်္သာရီတိုင်းတို့သို့ ပညာရှင်ကြီးများကိုယ်တိုင်သွားရောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပညာရပ်များ သင်ကြား ပြသပေးနိုင်ခဲ့သည့်အတွက် ယခင်နှစ်များကထက် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပိုမိုပါဝင်ယှဉ်ပြိုင်ကြမည်ဟု မျှော်လင့်ကြောင်း၊ ယှဉ်ပြိုင်သည့်အခါ အမှန်တကယ်အနိုင်ရသင့်သူ၊ အရည်အချင်းရှိသူများကို ၎င်းတို့၏ အရည်အချင်းနှင့်ကိုက်ညီမည့် ဆုများရရှိရန် ပြိုင်ပွဲယှဉ်ပြိုင်မှုများကို အကဲဖြတ် အမှတ်ပေးကြမည့် အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့ဝင်များအနေဖြင့် အမှန်ကန်ဆုံး၊ အဖြောင့်မတ်ဆုံးနှင့် အကောင်းဆုံး အကဲဖြတ် အမှတ်ပေးကြရန်မှာကြားလိုကြောင်း။

### ကြိုတင်ပြင်ဆင်

ပြိုင်ပွဲဝင်များအနေဖြင့် နိုင်ငံတော်အဆင့်ပြိုင်ပွဲကြီးတွင် ကြိုးစားပမ်းစားပါဝင်ယှဉ်ပြိုင်ပြီးရရှိသည့် ဆုတံဆိပ်များကို ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကြသည်ကို တွေ့ကြရမှာဖြစ်ကြောင်း၊ အမှန်ရသင့်ရထိုက်သူများကိုသာ ထိုက်တန်သည့် ဆုချီးမြှင့်နိုင်ရန် စီမံဆောင်ရွက်ကြရန် အထူးအလေးထားမှာကြားလိုကြောင်း၊ ဆုမရရှိသည့် တိုင်းရင်းသားပြိုင်ပွဲဝင်များကိုလည်း ဆုချီးမြှင့်ရန် ထိုက်တန်လျှင် အထူးဆုများချီးမြှင့်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်စီမံထားကြောင်း။

### အကြံပြုဆွေးနွေး

ပြိုင်ပွဲကျင်းပရန် အချိန်နီးကပ်လာသည်နှင့်အမျှ ပါဝင်ကူညီ ဆောင်ရွက်ပေးကြသည့် ပညာရှင်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုကို အထူးဂရုပြုကြပ်မတ်ပေးစေလိုကြောင်း၊ ပညာရှင်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြိုင်ပွဲကာလအတွင်းသာ မဟုတ်ဘဲ တစ်နှစ်ပတ်လုံး စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်နှင့်တိုင်းများမှ ရောက်ရှိလာကြမည့် အကဲဖြတ်ပညာရှင်ကြီးများကိုလည်း ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း။

ကော်မတီ၊ဆပ်ကော်မတီများနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲရှိလျှင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် တိုက်တွန်းလိုကြောင်း၊ ယခုနှစ်ကျင်းပမည့် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ယခင်နှစ်များကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လစ်ဟာမှုမရှိစေရန် လိုအပ်ချက်များရှိလျှင် ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်း ပြောကြားလိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

### ဆွေးနွေးတင်ပြ

ယင်းနောက် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ပြိုင်ပွဲဝင်စိစစ်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့်ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့်သတင်းထုတ်ပြန်ရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ပို့ဆောင် ဆက်သွယ်ရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ လုပ်ငန်း စစ်ဆေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များဖြစ်ကြသည့် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့၊ ဇာတ်သဘင်အကဲဖြတ်လုပ်ငန်းအဖွဲ့၊ရုပ်သေးအကဲဖြတ်လုပ်ငန်းအဖွဲ့၊ အရေးအကဲဖြတ် လုပ်ငန်းအဖွဲ့၊ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့တို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

### ရုပ်သိမ်း

ထို့နောက် သဘာပတိဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တာဝန်ရှိသူများ လိုက်ပါလျက် ဒွါဒသမအကြိမ် (၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ခမ်းနားစွာ ကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲအမျိုးအစားအလိုက် ကျင်းပပြုလုပ်မည့်အပြင် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနား ကျင်းပမည့် အမျိုးသားဇာတ်ရုံ ပြင်ဆင်ထားရှိမှုများနှင့် ဖွင့်ပွဲအခမ်းအနား ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု၊ အကပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု၊ ဇာတ်သဘင်ပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှုနှင့် ရုပ်သေးပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ကမ္ဘောဇ ဇာတ်ရုံငယ်၌ အရေးပြိုင်ပွဲ ကျင်းပနိုင်ရေးနှင့် အတီးပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ ပဒုမ္မာ ဇာတ်ရုံ၌ အတီးပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ အမျိုးသားပြတိုက်၌ အဆိုပြိုင်ပွဲ ကျင်းပနိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကိုလည်းကောင်း လိုလ်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များထူထောင်ဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့။**

၂၀၀၄-ခုနှစ်၊ အောက်တိုဘာလ(၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် (၉၀၇၅)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

## ဝိပဿနာ တရားစခန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၆**

အနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့်(၁၁၇)ကြိမ်မြောက် အနာဂါမ်ဆရာ သက်ကြီးဝိပဿနာ ခုနစ်ရက်တရား စခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ ဟံသာဝတီ ကမ္ဘဌာန်း ရိပ်သာ၌ အောက်တိုဘာ ၁၃ရက်ညနေ ၆ နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆နှင့် ၀၅၆-၂၁၄၃၂ တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ပြီး တရားစခန်းဖွင့်မည့် အောက်တိုဘာ၁၃ ရက်ညနေ ၃ နာရီထက် နောက်မကျစေဘဲ မိမိတို့၏ အမျိုးသားမှတ်ပုံတင်များ ယူဆောင်ပြီး ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဇျူပာ အသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရသည်။ **(က-ပ)**

● ကျောဖုံးမှ

ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ အဆင့်မြင့်အရာရှိအဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အရှေ့အာရှ အရေးပေါ် ဆန်အရန် ရိက္ခာ သိုလှောင်ထားရှိမှုစီမံကိန်း (East Asia Emergency Rice Reserve-EAERR)နှင့် အာရှ လယ်သမားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Farmers' Group for Co-operation- AFGC)တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိ အဖွဲ့ခေါင်းဆောင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် စီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိမြန်မာနိုင်ငံမှ အဆင့်မြင့်အရာရှိ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံနှင့် မိမိတို့၏ အရှေ့ အာရှ ဆွေးနွေးဖက် နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဒေသတွင်း လယ်ယာကဏ္ဍတွင် သိသာထင်ရှားစွာ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင်စားနပ်ရိက္ခာဖူလုံရေး၊ လူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဖလှယ်ရေး ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

## အထူးပင်တန်ဖိုးရှိ

အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံသစ်များအတွက် လယ်ယာကဏ္ဍ ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သုတေသန လုပ်ငန်းများ၊ စားနပ်ရိက္ခာဖူလုံရေး၊ သဘာဝအရင်းအမြစ်များအား အကျိုးရှိစွာ အသုံးချရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဇီဝနည်းပညာရပ်များတွင် အထောက်အကူများလိုအပ်လျက်ရှိကြောင်း ဖော်ပြလိုကြောင်း၊ မိမိတို့ ဆွေးနွေးဖက်သုံးနိုင်ငံ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု နည်းပညာရပ်များသည် အထူးပင် တန်ဖိုးရှိသည့်အတွက် အာဆီယံနိုင်ငံများအနေဖြင့် လိုက်လျောညီထွေရှိသည့် နည်းပညာရပ်များကို အသုံးချနိုင်ကြောင်း။

## အမြင်ချင်းဖလှယ်နိုင်

ယခုအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများနှင့် အရှေ့ အာရှ ဆွေးနွေးဖက်နိုင်ငံများအကြားပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းများအတွက် အမြင်ချင်း ဖလှယ်ရေးနှင့် ရွေးချယ်ချမှတ်ရန် အခွင့်အလမ်းများရရှိမည်ဟု အလေးအနက်ထားဖော်ပြလိုကြောင်း၊ထို့အပြင်အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ကိစ္စရပ်များတွင်လည်း အမြင်ချင်းဖလှယ်နိုင်ကြမည်ဖြစ်ကြောင်း။

အာရှဒေသ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် သင့်တော်မည့် အစီအမံများကို မိမိတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဖြေရှာနိုင်ပြီး အားလုံးအတွက် ရေရှည်အကျိုးဖြစ်ထွန်းမည့် အစီအစဉ်များကိုလည်း ဤအစည်းအဝေး၌ ဆွေးနွေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် နှစ်ဦးနှစ်ဖက် စိတ်ဝင်စားသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍများကိုလည်း ညှိနှိုင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ဤအစည်းအဝေးမှ မိမိတို့အားလုံးအတွက် အကျိုးရှိမည့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဖြစ်သကဲ့သို့ ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မြဲသည်ထက် ခိုင်မြဲလာလိမ့်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် အစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးကြမည့်အစီအစဉ်များကို သတ်မှတ်ကြေညာပြီး အစီအစဉ်အရ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ် အစည်းအဝေးအတွက် ပြင်ဆင် ဆောင်ရွက်ရန်ဖြစ်သည့် အစည်းအဝေးအစီအစဉ် ညှိနှိုင်း သတ်မှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်မှုအခြေအနေကို သုံးသပ်ရာတွင် အာရှဒေသအတွင်းဆင်းရဲမှုလျှော့ပါးရေးနှင့် ရိက္ခာဖူလုံမှု တိုးတက်ခိုင်မာရေးဆောင်ရွက်မှုဖြစ်သည့် အရှေ့အာရှ အရေးပေါ်ဆန်အရန်ရိက္ခာ သိုလှောင်ထားရှိမှုစီမံကိန်း (East Asia Emergency Rice Reserve-EAERR) ရှေ့ပြေးစီမံကိန်း၊ အာဆီယံ ရိက္ခာဖူလုံမှု သတင်းအချက်အလက်စနစ် (The ASEAN Food Security Information System-AFISS)တိုးတက်ရေးတို့ကို ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က ဦးဆောင် ဆွေးနွေးတင်ပြသည်။

## ဝိုင်းဝန်းသုံးသပ်

ဆက်လက်၍ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောသုတေသနလုပ်ငန်းနှင့် တိုးတက်မှုအခြေအနေ၊ စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ ငါးလုပ်ငန်းနှင့် သစ်တောလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များဖြစ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ စားပွဲဝိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့မှုများကို ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည်။

## အဆင်ပြေချောမွေ့ရေး

ယင်းနောက် အာဆီယံ အဆင့်မြင့် အရာရှိကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံမှ ကိုယ်စားလှယ်များသည် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ငါးလုပ်ငန်းနှင့်သစ်တောလုပ်ငန်းဆိုင်ရာ နိုင်ငံတကာနှင့် ဒေသတွင်းကိစ္စများ၌ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးကြပြီး စိုက်ပျိုးရေးသတင်းအချက်အလက် ကွန်ရက်နှင့် အပြန်အလှန်ဖလှယ်မှု ကုန်သွယ်မှု အဆင်ပြေချောမွေ့ရေးအစီအစဉ်များကို ပူးပေါင်းညှိနှိုင်း ဆွေးနွေးကြသည်။

## သုံးသပ်ညှိနှိုင်း

ဆက်လက်၍ အာဆီယံနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ တိုးတက်မှု အခြေအနေ အပေါ် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏(၂၆)ကြိမ်မြောက်အစည်းအဝေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး သဘာပတိ အစီရင်ခံစာမူကြမ်းနှင့် အတည်ပြုချက်မူကြမ်းများကို သုံးသပ်ညှိနှိုင်းကြသည်။

ယင်းနောက် အာဆီယံနှင့်ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စီမံကိန်းအသစ်အဆိုပြုချက်များကို ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းကြပြီး အာရှ လယ်သမားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(Asian Farmers' Group for Co-operation -AFGC ) မှ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။

## ညှိနှိုင်းသတ်မှတ်

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေး၏ ပူးတွဲသတင်းကြေညာချက်မူကြမ်းကို ဝိုင်းဝန်းညှိနှိုင်းကြပြီး နောက်တစ်ကြိမ် ကျင်းပမည့် အစည်းအဝေးအတွက် ကျင်းပမည့် နေ့ရက်နှင့် နေရာတို့ကို ညှိနှိုင်းသတ်မှတ်ကာ အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

အောက်တိုဘာ ၇ ရက်တွင် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးနှင့် စပ်လျဉ်း၍ အာဆီယံ ဝန်ကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့မှ ဝန်ကြီးများနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယနေ့ည ၇ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ အကြိုညှိနှိုင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**စက်တင်ဘာ ၂၉ ရက်က ရန်ကုန်မြို့ လှိုင်မြို့နယ်၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရေးမိသားစုက သက်ကြီးရွယ်အိုများအတွက် ငွေကျပ်နှစ်သိန်း၊ ပရဟိတကျားကျောင်း၊ ကန်တော်ကလေး လူအိုရုံ၊ မေရီချက်ပ်မင်း ကလေးများနားမကြားကျောင်း၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းနှင့် ရွှေဂုံတိုင် ကလေးပြုစုရေးဌာနတို့သို့ ငွေကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လက်ခံစဉ်။ (က-ပ)**

# အသံမစဲပဌာန်းပူဇော်ပွဲနှင့် စာအောင်သံဃာပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ် ရာမညဝေပုလ္လတိုက် သွေးဆေးကန် မွန်ပါဠိတက္ကသိုလ်၌ ၁၃၆၆ ခုနှစ် သီတင်းကျွတ်လဆန်း ၁၂ ရက်မှ လပြည့်နေ့ထိ (၁၈)ကြိမ်မြောက် မွန်အသံမစဲ ပဌာန်းရွတ်ဆိုပူဇော်ပွဲ၊ သီတင်းကျွတ်လပြည့်နေ့တွင်(၆၃)ကြိမ်မြောက် မွန်ပဝါရဏာဝါကျွတ်ပွဲတော်နှင့် စာအောင်မွန်သံဃာသုံးပါးတို့အား ဂုဏ်ပြုပူဇော်ပွဲကို ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့က ကြီးမှူး၍ ကျင်းပမည်ဖြစ်ရာ ဆရာတော် ဘဒ္ဒန္တဝါရနှင့် ဆွမ်းကွမ်းဝေယျာဝစ္စအဖွဲ့သို့ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ပဲခူးတိုင်း သံဃမဟာထေရ်ပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

ပဲခူးတိုင်း ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၌ ငါးမြို့နယ် သံဃပဝါရဏာပွဲတော်ကြီး(၁၄၀)ကြိမ်မြောက် အထိမ်းအမှတ်ကြခတ်ဝိုင်းဆရာတော်၏ ကျောင်းထိုင်၊ စာချ၊ သာသနာပြု (၅၆)နှစ်၊ ပဲခူးတိုင်းသုံးဂိုဏ်းဝင်(၈၀)၊ (၆၀)ပြည့် သံဃမဟာထေရ် ၅၆ ပါးကို ပင့်လျှောက်လျက် ၁၃၆၆ ခုနှစ် သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၂၈ရက်) ကြာသပတေးနေ့ မွန်းတည့် ၁၂နာရီတွင် သံဃမဟာထေရ်ပူဇော်ပွဲ သံဃပဝါရဏာပူဇော်ပွဲကို ယခင်နှစ်များကဲ့သို့ သိမ်ဆင်း ဆွမ်းကြီးလောင်းလှူပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။ **(က-ပ)**

# အထက(၁)မရမ်းကုန်း ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

သမိုင်းမြို့မ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို အဆက်ဆက်တည်ထောင်အားပေးတော်မူခဲ့သော မရမ်းကုန်းမြို့နယ် သမိုင်းမြို့မကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်ကြီး ဦးစန္ဒိမာဘိဝံသ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပူဇော်သောအားဖြင့် (၁၅)ကြိမ်မြောက် စန္ဒိမာပညာရည်ချွန်ဆု ဆုနှင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စန္ဒိမာခန်းမဆောင်ကြီး၌ကျင်းပရန် စီစဉ်လျက်ရှိသည်။

အခမ်းအနားတွင် မရမ်းကုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင် သမိုင်းမြို့မ အထက)မှ ၂၀၀၃-၂၀၀၄ပညာသင်နှစ်တွင် အခြေခံပညာအထက်တန်းစာမေးပွဲတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ယခင်နှစ်များကဲ့သို့ ပညာရေးငွေပဒေသာပင်က ချီးမြှင့်မည်ဖြစ်သည်။ ငွေပဒေသာပင်စိုက်ထူလှူဒါန်းလိုသူများ၊ ယခင် စန္ဒိမာပညာရည်ချွန်ဆုရရှိခဲ့သူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ချီးမြှင့်ကြရန် ဆုချီးမြှင့်ရေးကော်မတီက ဖိတ်ကြားနိုးဆော်ထားသည်။

ငွေပဒေသာပင် စိုက်ထူလှူဒါန်းလိုသူများသည် ပညာရည်ချွန်ဆုချီးမြှင့်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (တော်ဝင်ထွန်းကုမ္ပဏီ)ဖုန်း-၀၉-၈၀-၃၀၁၁၂၊ ၃၇၄၃၇၅၊ ဒေါ်ခင်မြင့် ဖုန်း-၆၆၄၀၅၃၊ ဒေါ်ခင်လှ ဖုန်း-၆၆၇၄၄၃၊ ဦးစိန်ဝင်း(ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံ)ဖုန်း-၂၅၄၀၀၄၊ ၀၉-၅၀-၂၀၃၀၆၊ ဦးတင်ဝင်း (အတွင်းရေးမှူး၊ MOT နို့ဆီ)ဖုန်း-၆၆၇၅၁၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

# အထက(၁)သင်္ဃန်းကျွန်း ရွှေရတုအာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အထက(၁)သင်္ဃန်းကျွန်း၏၁၉၅၄-၂၀၀၄ နှစ်(၅၀)ပြည့်ရွှေရတုအထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အာစရိယပူဇော်ပွဲကို ယခင်နှစ် ဒီဇင်ဘာ၂၄ ရက်နှင့်၂၅ရက်များတွင် ခမ်းနားစွာကျင်းပပြုလုပ်မည်ဖြစ်ရာ ရွှေရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲတွင် ၁၉၅၄မှ ၂၀၀၄ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာ ဆရာမကြီးများအား တပည့်များမှ ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ကန်တော့ခံ အငြိမ်းစား ဆရာ ဆရာမကြီးများနှင့် နှစ်၅၀အတွင်း ပညာများဆည်းပူးသင်ယူခဲ့ကြသော ကျောင်းသားကျောင်းသူဟောင်းများအနေဖြင့် ဦးသိန်း အထက(၁)ကျောင်းအုပ်ဆရာကြီး ဖုန်း-၅၆၅၉၆၆၊ ဒေါ်ဖြူဖြူဝင်း အမက(၈) ကျောင်းအုပ်ဆရာမကြီး ဖုန်း-၅၇၉၉၁၆၊ ဦးသောင်းမြိုင် ဖုန်း-၅၄၃၇၄၈၊ ဦးမြင့်ထူး ဖုန်း-၆၆၅၂၈၆၊ ဦးတွတ် ဖုန်း-၅၆၆၇၁၁၊ ဒေါ်နွဲ့နွဲ့ရီ ဖုန်း-၀၉-၅၀-၂၁၈၁၂၊ ဒေါ်သဇင်ကြူ ဖုန်း-၂၄၃၃၃၆နှင့် ထွန်းဘဏ္ဍာကဖီး ဖုန်း-၅၇၁၅၆၄၊ ၅၇၂၁၃၈ ရွှေရတုပူဇော်ပွဲ ကျင်းပရေးအဖွဲ့များသို့ ဆက်သွယ် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၅၂)**



**ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် မီးဘေး ကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြပွဲကို စက်တင်ဘာ ၃၀ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၀) ရပ်ကွက် ဒဂုံရွှေပြည်ဈေးတွင် ကျင်းပရာ ဈေးတာဝန်ခံ ဦးတင်ရွှေနှင့် ဈေးသာယာရေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနတပ်စုမှူး ဦးနေအောင်စိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့ပြသစဉ်။ (၄၀၀)**

သစ်တောရတနာ၊ ပြည်သူ့ဘဏ္ဍာ
အစဉ်ထာဝရ ထိန်းသိမ်းကြ။

MYANMAR FURNITURE FAIR 2004
MFF 04

**မြန်မာ့ပရိဘောဂပြပွဲ-၂၀၀၄**
အောက်တိုဘာ (၂၂) ရက်မှ (၂၆) ရက်
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း
ရန်ကုန်မြို့။

# အသင်းအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များတွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၆

ကချင်ပြည်နယ်သို့ ရောက်ရှိနေသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး (ကချင်ပြည်နယ်တာဝန်ခံ) ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် အောက်တိုဘာ ၃ ရက်တွင် ဟိုပင်နှင့် အင်းတော်ကြီးဒေသမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဇဟိုအတွင်းရေးမှူးသည် ပင်းဘောကျေးရွာနှင့် မန်ခက်ကျေးရွာများရှိ ကျေးလက်စာကြည့်တိုက်နှင့်စပါးခွံလောင်စာသုံး ကျေးလက်လျှပ်စစ်ဓာတ်အားပေးစက်များကို ကြည့်ရှုစစ်ဆေးသည်။ မွန်းလွဲပိုင်းတွင် မိုးကောင်းမြို့၌ မိုးကောင်းမြို့နယ်၊ ဖားကန့်မြို့နယ်နှင့် တနိုင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များအား တွေ့ဆုံမှာကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီးသည် မိုးကောင်းမြို့နယ် ကညင်မြိုင် ကျေးလက်အိတ်ချိန်းကို ကြည့်ရှုစစ်ဆေးသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဇဟိုအတွင်းရေးမှူးသည် အောက်တိုဘာ ၄ ရက်တွင် ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝိုင်းမော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံမှာကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။ ဆက်လက်၍ ဇဟိုအတွင်းရေးမှူးသည် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးသို့ တက်ရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများချီးမြှင့်သည်။

**ပေးအပ်လှူဒါန်း**

ဝန်ကြီးသည် အောက်တိုဘာ ၅ ရက်တွင် မြစ်ကြီးနားမြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသအား ဖူးမြော်၍ လှူဖွယ်ဝတ္ထုများဆက်ကပ် လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးသည် ပါရမီဦး အခမဲ့ဆေးခန်းအတွက် အလှူငွေများနှင့် KBC ကချင်နှစ်ခြင်းခရစ်ယာန် အသင်းတော်အတွက် ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်း ကုန်ထုတ်လုပ်မှုများကြည့်ရှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၆**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ရေနီအမှတ်(၂)စက္ကူ စက်ရုံသို့ရောက်ရှိပြီး စက်ရုံခန်းမ၌ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရေနီစက္ကူစက်ရုံနယ်မြေအတွင်း အသစ်ထပ်မံတည်ဆောက်မည့် ပျော့ဖတ်စက်ရုံများအတွက် စက်မှုကုန်ကြမ်းသစ်ဧက ၃၀၀၀၀နှင့် ဝါးစိုက်ခင်းဧက ၁၀၀၀၀၀ တို့ စိုက်ပျိုးသွားနိုင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဘာဝမြေသြဇာများ စုဆောင်းထားရှိမှု၊ စက်မှုကုန်ကြမ်း စမ်းသပ်စိုက်ခင်းနှင့် ပျိုးဥယျာဉ်အတွက် ပျိုးပင်ငယ်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သစ်ဝါးစိုက်ခင်းများ စိုက်ပျိုးဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရေနီအမှတ်(၂) စက္ကူစက်ရုံသို့ ရောက်ရှိ၍ စက်ရုံအတွင်း ကုန်ထုတ်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းတွင် သာယာဝတီမြို့ရှိ ပန်းကန်နှင့်ကြွေပြားစက်ရုံသို့ ရောက်ရှိ၍ ပန်းကန်စက်ရုံအတွင်း ကုန်ထုတ်လုပ်မှု အခြေအနေများနှင့် ကုန်ချောသိုလှောင်ရုံဌာန၊ မိုဌာန၊ နမူနာနှင့် ပုံစံထုတ် ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

**(သတင်းစဉ်)**



မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ရန် ဘရူနိုင်းဒါရုဆလမ် နိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့မှ ဝန်ကြီးများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူတွေ့ရစဉ်။ (သတင်းစဉ်)

# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအာဆီယံဝန်ကြီးများ စတုတ္ထအကြိမ်မြောက်အစည်းအဝေးတက်ရောက်ရန် ရန်ကုန်သို့ရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၆

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ၍ ရန်ကုန်မြို့၌ကျင်းပမည့် လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့အာရှဆွေးနွေးဖက်သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်ရန် အာဆီယံနိုင်ငံများမှ ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းမှ စတင်၍ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။**

ထိုသို့ ရောက်ရှိကြရာတွင် မလေးရှားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများ ဝန်ကြီးဌာနဝန်ကြီး H.E. Tan Sani Dato' Haji Muhyiddin bin Haji Mohd Yassin သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ စက်မှုနှင့် အခြေခံအရင်းအမြစ်များ ဝန်ကြီးဌာန ဝန်ကြီး H.E. Pehin Dato Abdulrhaman TAIB၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တော ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mamad Gunawan နှင့် စင်ကာပူသမ္မတနိုင်ငံ အမျိုးသားတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Mah Bow Tan တို့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း လေကြောင်းခရီးများဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးနှင့် အာဆီယံနှင့် အရှေ့တောင်အာရှ ဆွေးနွေးဖက်သုံးနိုင်ငံ တို့၏ စတုတ္ထ အကြိမ်မြောက် အစည်းအဝေး ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့် ဆပ်ကော်မတီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

အလားတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Dr. Bui Ba Bong သည် ညနေ ၅ နာရီ ၂၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး H.E. Chan Sarun၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာနဝန်ကြီး H.E. Dr. Siene Saphangthong၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး H.E. Arthur C.Yap နှင့်ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ည ၇ နာရီတွင် လည်းကောင်း လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ရန်ကုန်မြို့ရှိ သက်ဆိုင်ရာ နိုင်ငံသံရုံးများမှသံအမတ်ကြီးများနှင့် သံရုံးအဖွဲ့ဝင်များ၊ အစည်းအဝေးကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေနှင့်ဆပ်ကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

**ရန်ကုန် အောက်တိုဘာ ၆**

၂၀၀၄ ခုနှစ် အကြိမ်(၂၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ် အားကစားကွင်း(မင်္ဂလာဒုံ)၌ ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(လေ)အသင်းနှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

စမ်းချောင်းမြို့နယ် ပဒုမ္မာဘောလုံးကွင်း၌ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၁၁)ခြေမြန်တပ်မ ဌာနချုပ်အသင်းနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဒစ်ဂျစ်တယ်ကင်မရာအမျိုးအစားသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် သရုပ်ပြပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၆**

Canonဒစ်ဂျစ်တယ်ကင်မရာ အမျိုးအစားသစ် မိတ်ဆက်ရှင်းလင်းပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ Accel International Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ Mr.Alvin Law ကအဖွင့်အမှာစကားပြောကြားပြီး Canon Singapore Pte Ltd. မှ ဈေးကွက်မန်နေဂျာ Mr. Steven Lim က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ Canon Singapore Pte Ltd. မှ အကြီးတန်းထုတ်လုပ်ရေးမန်နေဂျာ Mr. Roland Poon က နောက်ဆုံးပေါ် Canon Digital SLR Camera EOS-20 D နှင့် Digital Camcorder XL-2 နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

˚Accel International Co.,Ltd. မှ Canon Digital ကင်မရာများကို တင်သွင်းရောင်းချပေးနေပြီး စိတ်ဝင်စားသူများအနေဖြင့် အခန်းအမှတ်(၇/၈) အောင်ဆန်းကွင်းတောင်ဘက်၊ ရိုးမဘဏ်ရှေ့ ရန်ကုန်မြို့ ဖုန်း–၂၄၃၀၃၆၊ ၂၄၃၀၃၇၊ ၂၄၃၀၃၈နှင့် တိုက်အမှတ်(၆) SY အဆောက်အအုံ ၇၈လမ်း ၂၉လမ်းနှင့် လမ်း ၃၀ ကြား မန္တလေးမြို့ ဖုန်း–၀၂–၃၆၀၁၄၊ ၀၂–၃၉၈၅၇၊၀၂–၃၉၈၁၆တို့သို့ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများ၏ (၂၆) ကြိမ်မြောက် အစည်းအဝေး

❄ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အာဆီယံဝန်ကြီးများနှင့် အရှေ့အာရှ ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ (၄)ကြိမ်မြောက်အစည်းအဝေး

**ရန်ကုန်မြို့**

**၂၀၀၄ ခုနှစ်၊အောက်တိုဘာလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ**



## ရွှေလီသင်္ဘောပြင်ဆင်မှု ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေကြည့်ရှု မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ စစ်ဆေး

ရန်ကုန် အောက်တိုဘာ ၆

**ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညနေ ၄နာရီက သန်လျင်မြို့ သီလဝါရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းပိုင်"ရွှေလီ" သင်္ဘောပြုပြင်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ကြည်က ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**

ထိုမှတစ်ဆင့်ဝန်ကြီးနှင့်အဖွဲ့သည် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါ(MITT)သို့ရောက်ရှိကြသည်။ မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း သီလဝါသို့ နိုင်ငံခြားမှ ကုန်သေတ္တာများဖြင့် ရောက်ရှိလာသော အထည်အလိပ်ပစ္စည်းများ၊ ပလတ်စတစ် ကော်စေ့အိတ်များနှင့် မြန်မာ့သစ်လုပ်ငန်းအတွက် မှာယူရောက်ရှိလာသော ကုန်ကြမ်းပစ္စည်းများကိုကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)**တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက ကုန်တင်၊ ကုန်ချမှုန်ကန်မြန်ဆန်အောင်ဆောင်ရွက်ကြရေး၊ ကုန်ပစ္စည်းများ အလေအလွင့်မရှိအောင်စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့်လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ကြရေးတို့ကို မှာကြားကာ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသီလဝါမှ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ အထက်မြန်မာပြည်(မန္တလေး) ခြေစစ်ပွဲကျင်းပရေး စည်းဝေး

ရန်ကုန် အောက်တိုဘာ ၆

**နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အထက်မြန်မာပြည်(မန္တလေး) ခြေစစ်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ၄ရက် နံနက် ၉နာရီခွဲက မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်းရှိ မန္တလေးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးသို့ မန္တလေးတိုင်း အားကစားနှင့်ကာယပညာကော်မတီ အတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်း ခြင်းလုံးဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးမောင်တင့် (ငြိမ်း)က အမှာစကားပြောကြားသည်။

### ညှိနှိုင်းဆွေးနွေး

ထို့နောက် တိုင်းအားကစားနှင့် ကာယပညာကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ အထက်မြန်မာပြည် (မန္တလေး) ခြေစစ်ပွဲ ကျင်းပရေးနှင့် လုပ်ငန်းဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေးတို့ကိုရှင်းလင်းပြီး တာဝန်ရှိသူတို့က ခြေစစ်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲတွင် အမျိုးသားတံခွန်စိုက်တန်းအမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသားခြောက်ပေါက်တန်း အမှတ်ခတ် ပြိုင်ပွဲ၊ အမျိုးသား လေးပေါက်တန်း အမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း အသင်းလိုက် အတော့ခတ်ပြိုင်ပွဲ၊ အမျိုးသား အလွတ်တန်း အသင်းလိုက် တွဲခတ်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း အမှတ်ခတ်ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း အတော့ခတ် ပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းအတွဲခတ်ပြိုင်ပွဲနှင့် စွမ်းရည်ပြ အမျိုးသား၊ အမျိုးသမီး ခြင်းအလှခတ်ပွဲ စသည့်ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

### စာရင်းပေးပို့နိုင်

ပြိုင်ပွဲကို မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း မိုးလုံလေလုံ အားကစားခန်းမ၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၁ရက်နှင့် ၁၂ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင် အသင်းများသည် အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား၍ မန္တလေးတိုင်း အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့် ဖုန်း-၆၀၂၆၃၊ ၃၃၆၁၉၊ ဦးကျော်ဝင်း တိုင်းခြင်းလုံးဆပ်ကော်မတီ အတွင်းရေးမှူးဖုန်း-၂၆၁၈၉ နှင့် ဦးကျော်သိန်း ဝါဆိုခြင်းပွဲတော် ကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဖုန်း-၆၅၆၂၂ တို့သို့ ပြိုင်ပွဲဝင် စာရင်းပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ရန်ကုန်တိုင်း မြေစာရင်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေး ဥပဒေဆိုင်ရာ လုပ်ငန်းဆင့်ပွားသင်တန်း ဖွင့်ပွဲကို အောက်တိုဘာ၄ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာန(အင်းစိန်) ခရိုင်ဦးစီးမှူးရုံးခန်းမ၌ကျင်းပရာ တိုင်းမြေစာရင်း ဦးစီးဌာနမှူး ဦးကျင်ထွန်း အဖွင့်အမှာစကားပြောကြားစဉ်။** (ဝ၄၆)

## အိမ်မဲမြို့နယ်အသင်း(ရန်ကုန်) မဟာဘုံကထိန်အလှူတော်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

အိမ်မဲမြို့နယ်အသင်း(ရန်ကုန်)၏ ပထမအကြိမ် မဟာဘုံကထိန် အလှူပွဲတော်ကို အိမ်မဲမြို့ ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး၌ နိုဝင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပမည်ဖြစ်ရာ ဘုံကထိန်အလှူတော်အတွက် ကထိန်သင်္ကန်းလျာ အပါအဝင် လှူဖွယ်ပစ္စည်းခြင်းများ၊ ကထိန် ပဒေသာပင်အတွက် ရဟန်းအသုံးအဆောင်ပစ္စည်းများနှင့် ဝတ္ထု ငွေများထည့်ဝင်လှူဒါန်းလိုသူများသည် ဌာနေအမှုဆောင် ဒုတိယဥက္ကဋ္ဌ ဦးမြသန်း ဖုန်း-၀၄၅-၂၁၅၅၂/၂၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးထိန်ဝင်း ဖုန်း- ၀၄၅-၂၁၅၅၂/၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

ကထိန်အလှူတော်နေ့တွင် အိမ်မဲမြို့နယ်မှ ၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသူများအား ဂုဏ်ထူးဆုများချီးမြှင့်မည်ဖြစ်ရာ ဂုဏ်ထူးဆုများ ချီးမြှင့်လိုသူများနှင့် ရန်ကုန်မြို့မှ နေ့ချင်းပြန် သွားရောက်မည့် ကထိန်အလှူခရီးစဉ်တွင် လိုက်ပါလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း- ၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း- ၂၄၆၉၃၇၊ ဦးကျော်ရှင်း ဖုန်း-၂၉၁၅၀၂၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉၊အမှုဆောင် ဦးကြည်ဦး ဖုန်း-၅၄၄၂၆၀၊ ဦးအောင်ဝင်း ဖုန်း-၃၇၈၂၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ပဲခူးမုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၆**

ပဲခူး၁၀မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း၇ရက်မှ၂၈ရက်လပြည့်နေ့အထိ (အောက်တိုဘာ ၂၁ရက်မှ ၂၈ရက်ထိ)ကျေးဇူးတော်ရှင် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားချီးမြှင့်မည်ဖြစ်ရာ အောက်တိုဘာ ၂၀ရက် ညနေအရောက် လာရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးလှမျိုး-ဒေါ်ခင်ဝင်းမော် ဖုန်း-၄၅၉၁၂၄၊ ဦးဖရက် ဖုန်း-၅၂၆၄၁၈၊ ၁၀-မိုင်ကုန်းဖုန်း-၂၄၇၅၇၆ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

## မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ နှစ်သက်မြတ်နိုးသူများ၏တောင်းဆိုမှုကြောင့် တစ်ရက်တိုးပြသခဲ့ရ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လမ်းညွှန်မှုနှင့်အညီ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုပြပွဲကို အောက်တိုဘာ၃ရက် ည၇နာရီတွင် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် အမိပြည်ထောင်စုအတွင်းရှိ ပြည်နယ်၊တိုင်း ဒေသအသီးသီးနှင့် တိုင်းရင်းသားလူမျိုးများ၏ အလှသဘာဝကို ဖော်ကျူးစပ်ဆိုထားသော တေးသီချင်းများကို နှစ်သက်မြတ်နိုးကြသူများ၏ တစ်ခဲနက် အားပေးတောင်းဆိုမှုကြောင့် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲကို အောက်တိုဘာ၄ရက်တွင် တစ်ရက်တိုး၍ တင်ဆက်ပြသခဲ့ရသည်။

### ဝတ်ဆင်ပြသ

အဆိုပါမြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြပွဲတွင် ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကျောင်းသူလေးများက ပြည်တွင်းဖြစ် ဈေးနှုန်းချိုသာသော အထည်များကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ လှပဆန်းသစ်သော ဒီဇိုင်းပုံစံများ ချုပ်လုပ်ပြီး လှပသောပြည်တွင်းဖြစ် လက်ကိုင်အိတ်များ၊ ဖိနပ်များကို တွဲဖက်အသုံးပြု ဝတ်ဆင်ပြသကြသည်။

### သီဆိုဖျော်ဖြေ

ယင်းနောက် ရုပ်ရှင်သရုပ်ဆောင်များက တိုင်းရင်းသား ရိုးရာဝတ်စုံများ ဝတ်ဆင်၍ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးနှင့် တိုင်းရင်းသားလူမျိုးတို့၏ အလှသဘာဝကို ဖော်ကျူးစပ်ဆိုထားသော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ ခိုင်သင်းကြည်က"အလှကမ္ဘာမြေ" သီချင်းဖြင့်လည်းကောင်း၊ ထပ်ဆင့် အကယ်ဒမီချိုပြုံးက"ဆွမ်ပရာဘုံ"သီချင်းသီဆိုပြီး တေးသံရှင်မိုင်ကာကာ က ကချင်ရိုးရာ အကဖြင့် လည်းကောင်း၊ ဆုပန်ထွာက "လှိုင်ကော်ကိုအလည်လာ" တေးသွားဖြင့် လည်းကောင်း၊ အကယ်ဒမီ မြတ်ကေသီအောင်က "ဒုံးယိမ်းည" သီချင်းကို ဖျော်ဖြေပြီး အနုပညာဦးစီးဌာနမှ သမီးပျိုလေးများက ကရင်ဒုံးယိမ်း အကဖြင့် လည်းကောင်း၊ အိန္ဒြာကျော်ဇင်က "ချင်းတောင်တန်းမှ ကြိုဆိုပါတယ်"သီချင်းဖြင့် လည်းကောင်း၊ အကယ်ဒမီ မေသဥ္ဇာဦးက "ရွှေမြိုင်မှာပဲနေတော့မယ်" တေးသွားဖြင့် လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

### ဂုဏ်ပြုအားပေး

ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ဒုတိယပိုင်းပြသပြီးချိန်တွင်လည်း သရုပ်ဆောင် ပွင့်နှင့် ကြည်လဲ့လဲ့ဦးတို့က "ရန်ကုန်သားနှင့်မန္တလေးသူ" တေးသီချင်းဖြင့် တေးသရုပ်ဖော်သီဆို၍ လည်းကောင်း၊ ရတနာခင်က "ကစ္ဆပနဒီလှိုင်းသံ" တေးသီချင်းဖြင့် လည်းကောင်း၊ အကယ်ဒမီစိုးမြတ်နန္ဒာက "လတ်တီးကုံးက" သီချင်းကိုသီဆိုပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် သမီးပျိုများက ရှမ်းတိုင်းရင်းသူများအဖြစ် သရုပ်ဖော်ကပြ၍လည်းကောင်း၊ အကယ်ဒမီ မျိုးသန္တာထွန်းက"မမပုသိမ်သူ"သီချင်း ကို သီဆိုပြီး သရုပ်ဆောင် နန်းဆုရတီစိုးက သရုပ်ဖော်၍လည်းကောင်း၊ ထပ်ဆင့်အကယ်ဒမီ မေသန်းနုက "ကော့သောင်း" တေးသီချင်းဖြင့်လည်းကောင်း၊ တေးသံရှင်ကော်နီက"စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်"တေးသီချင်းကို သီဆိုဖျော်ဖြေ၍ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် သမီးပျိုလေးများက တိုင်းရင်းသူများအဖြစ် ပါဝင်ကပြပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားရေးကို ဦးတည် သရုပ်ဖော် တင်ဆက်ကြရာ ဧည့်ပရိသတ်များက ဂုဏ်ပြုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ✻ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ✻ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံးလိုအပ်သော လျှပ်စစ်ဓာတ်အားကိုသုံးစွဲပါ။
- ✻ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ✻ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ် ၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

# (၁၁၀)ကြိမ်မြောက် အိုင်အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ မြန်မာ(ဘဏ္ဍာ/အခွန်)အသင်း အုပ်စုပထမဖြင့် အကြိုဗိုလ်လုပွဲတက်

ရန်ကုန် အောက်တိုဘာ ၆

**၂၀၀၄ခုနှစ် (၁၁၀)ကြိမ်မြောက် အိန္ဒိယဘောလုံးအဖွဲ့ချုပ်(အရှေ့ဘင်္ဂေါ)ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် စက်တင်ဘာ ၃၀ရက်မှ စတင်ကျင်းပခဲ့ရာ ပထမပွဲစဉ်အဖြစ် မြန်မာ(ဘဏ္ဍာ/အခွန်)အသင်းနှင့်အိန္ဒိယ(မိုဟန်ဘဂန်)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။**

ဘဏ္ဍာ/အခွန်အသင်းအတွက် ဦးဆောင်ဂိုးကို ပထမပိုင်း လေးမိနစ်တွင် စိုးမြတ်မင်းက သွင်းယူပြီး မိုဟန်ဘဂန်အသင်းက ဒုတိယပိုင်း မိနစ် ၂၀တွင် ချေပဂိုးသွင်းယူခဲ့သည်။

ဒုတိယပွဲစဉ်အဖြစ် ဘဏ္ဍာ/အခွန်အသင်းနှင့် သီရိလင်္ကာ (ရီနုန်းစပို့တ်)ကလပ်အသင်းတို့ အောက်တိုဘာ ၄ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရာ ဘဏ္ဍာ/အခွန်အသင်းက ၁၀ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် မျိုးလှိုင်ဝင်း သုံးဂိုး၊စိုးမြတ်မင်းသုံးဂိုး၊အောင်ကျော်မိုးနှင့် ရန်ပိုင်တို့က နှစ်ဂိုးစီ သွင်းယူပေးခဲ့သည်။

ဘဏ္ဍာ/အခွန်အသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ (၄) မှတ်၊ မိုဟန်ဘဂန်အသင်းသည်နှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲသရေ(၄) မှတ်အမှတ်တူရရှိသော်လည်း မိုဟန်ဘဂန်အသင်းက သီရိလင်္ကာ အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်အတွက် ဘဏ္ဍာ/အခွန်အသင်းက သွင်းဂိုးအသာဖြင့် အုပ်စုပထမရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

အုပ်စု(က) တွင် အိန္ဒိယ(မိုဟန်ဘဂန်)အသင်း၊ သီရိလင်္ကာ(ရီနုန်းစပို့တ်) အသင်းနှင့် မြန်မာ(ဘဏ္ဍာ/အခွန်) အသင်းတို့ပါဝင်ပြီး အုပ်စု(ခ) တွင် အိန္ဒိယ (ကင်းဖစ်ရှာဘင်္ဂေါ) အသင်း၊ အင်ဒီစပို့တ်ကလပ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ် (မက်တီဂျိုးဒါး) အသင်းတို့ပါဝင်သည်။ဘဏ္ဍာ/အခွန်အသင်းသည် အောက်တိုဘာ ၅ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် အင်ဒီစပို့တ်အသင်းနှင့်မက်တီဂျိုးဒါးအသင်းတို့ပွဲစဉ်မှ နိုင်သည့်အသင်းနှင့် အောက်တိုဘာ ၇ရက် **(ယနေ့)**တွင် အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

# အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် ပြည်ထဲရေးနှင့်သစ်တောရေးရာအနိုင်ရရှိ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ်ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ပြည်ထဲရေးအသင်းက ပတ္တမြားနဂါးအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပြည်ထဲရေးအသင်းအတွက် စည်သူဝင်း၊ နေသူလှိုင်၊ လတ်နေဝင်းနှင့် ဇော်လင်းထွန်းတို့က တစ်ဂိုးစီ သွင်းယူပေးသည်။ ပတ္တမြားနဂါးအသင်းအတွက် စိန်သောင်းက သုံးဂိုးစလုံး သွင်းယူသည်။

အောင်ဆန်းအားကစားပြိုင်ကွင်း၌ သစ်တောရေးရာအသင်းနှင့် မလိခအသင်းတို့ ယှဉ်ပြိုင်ကစားရာ သစ်တောရေးရာအသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ယနေ့ပွဲ**

အောက်တိုဘာ၇ရက်**(ယနေ့)** ညနေ၃နာရီခွဲတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကမ္ဘောဇအသင်းနှင့်ဆောက်လုပ်ရေးအသင်း၊ အောင်ဆန်းအားကစားပြိုင်ကွင်း၌ လယ်ယာထွက်ကုန်အသင်းနှင့် ပို့ဆောင်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

## မိုးကွက်ကျား

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# သဲကုန်းအထက ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် သဲကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစားသက်ပြည့် ဆရာကြီး၊ ဆရာမကြီး ၅၀တို့အား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နှစ်စဉ်ကျင်းပမြဲအတိုင်း အောက်တိုဘာ ၂၇ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် သဲကုန်းအထကချယ်ရီဆောင်ခန်းမတွင်ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းတိုင်း(မပျက်မကွက်)တက်ရောက်ကြရန်နှင့် အလှူငွေများကိုဦးဇော်ဝင်း(ရန်ကုန်မြို့)ဖုန်း(၀၁-၅၉၀၃၄၅၊ ၅၉၀၁၂၈)၊ ဦးကြည်ဝင်း ဖုန်း-(၀၁-၅၅၆၆၂၃)၊ ဦးသိန်းဇော် (မန္တလေးမြို့) စိုက်ပျိုးရေး (ငြိမ်း)၊ ၅၉လမ်း၊ ၈၈-၂/၃၆၊ ကန်သာယာမြို့သစ်၊ ဦးအေးလွင်(ပြည်မြို့) ဖုန်း(၀၅၃-၂၁၈၁၇)၊ ဦးဝမ်းမောင်(သဲကုန်းမြို့) (အတွင်းရေးမှူး) ၀၅၃-၂၄၀၁၄၊ ၂၁၀၁၄ လိုင်းခွဲ (၁၅၈)၊ ဦးတင်ဦး(တွဲဖက်အတွင်းရေးမှူး) ၀၅၃-၂၄၁၀၁၄၊ ၂၁၀၁၄ လိုင်းခွဲ (၂၉)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

**ဗဟန်းမြို့နယ် ကျိုက္ကဆံရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ၏ ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲ၊ ပညာရည်ချွန် ဆုပေးပွဲနှင့် စာကြည့်တိုက်အဆောင်သစ်ဖွင့်ပွဲကို စက်တင်ဘာ ၂၅ရက်က ရပ်ကွက် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲနေ့ကလေးထိန်း ကျောင်းတွင်ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နုနုရီက ဆုချီးမြှင့်စဉ်။**

(က-ပ)



# နှင်းဆီကုန်းဘိုးဘွားရိပ်သာ ငွေပဒေသာပင်အလှူရှင်များ ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၆**

ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် ကျပ်တစ်သောင်းနှင့်အထက် အလှူရှင်များအား (၂၃)ကြိမ်မြောက် ရေစက်ချပွဲနှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ၁၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

**နိုးဆော်**

ယခု(၂၃)ကြိမ်မြောက် တွင် ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလအတွင်း လှူဒါန်းခဲ့ကြသော ငွေပဒေသာပင် အလှူရှင်များ အနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ နှင်းဆီကုန်းဘိုးဘွားရိပ်သာ သီရိရတနာခန်းမ အပေါ်ထပ် (ဓမ္မာရုံ)သို့ ကြွရောက်ရန် နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးကော်မတီ၏ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပမည့် (Growing with Nature: ASEAN's Environmental Challenges) သဘာဝနှင့်အတူ ဖွံ့ဖြိုးမှု-အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများဓာတ်ပုံပြိုင်ပွဲဆိုင်ရာ စည်းကမ်းချက်များ

၁။ **ပြိုင်ပွဲခေါင်းစဉ်။** "Growing with Nature - ASEAN Environmental Challenges"

**(ဓာတ်ပုံပြိုင်ပွဲ၏ အဓိကအကြောင်းအရာမှာ Growing with Nature: ASEAN's Environmental Challenges ဖြစ်ပါသည်။ အဆိုပါ ဓာတ်ပုံပြိုင်ပွဲမှသည် အများပြည်သူများ အာဆီယံဒေသတွင်း ပတ်ဝန်းကျင်များကို ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများကို သိရှိနားလည်စေရန်၊ စီးပွားရေးလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ ခရီးသွားလာခြင်းလုပ်ငန်း၊ ကုန်သွယ်ခြင်း၊ လူမှုရေးနှင့် လူသားအရင်း အမြစ်ဆိုင်ရာလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်စေရန်တို့အတွက် ကျင်းပသည့် အစီအစဉ်ဖြစ်ပါသည်။)**

၂။ **ပြိုင်ပွဲရည်ရွယ်ချက်။** အာဆီယံ၏ပတ်ဝန်းကျင် စိန်ခေါ်မှုများကို ဒေသဆိုင်ရာ ဓာတ်ပုံပြပွဲ/ပြိုင်ပွဲမှတစ်ဆင့် ပိုမိုအာရုံစိုက်လာစေရန်နှင့် ASEAN-COCI အတွက် လိုအပ်သော သတင်းအချက်အလက်များအဖြစ် သုံးစွဲနိုင်မည့် ဓာတ်ပုံများ စုဆောင်းရရှိစေရန်။

၃။ **ရွေးချယ်မှုစံများ (Selection Criteria)**

- ပြိုင်ပွဲအကြောင်းအရာ Theme နှင့် ကိုက်ညီရမည်။
- အနုပညာမြောက်ရမည် (Aesthetic of the Photograph)
- Composition, Balance, Colour and Organization ကောင်းမွန်မှန်ကန်ရမည်။
- အာဆီယံ၏စံနမူနာနှင့်အစီအစဉ်ကိုဖော်ပြနိုင်သည့် ထူးခြားသောအကြောင်းအရာဖြစ်ရမည်။
- ဓာတ်ပုံဆရာ၏ဖော်ပြထားသည့် ရှင်းလင်းတင်ပြချက်ကို ထင်ဟပ်ထားသော ဓာတ်ပုံဖြစ်ရမည်။

၄။ **တင်သွင်းရမည့်စည်းကမ်းချက်များ (Entry Rules)**

(က) Catagory A = အသက် ၁၃နှစ်မှ ၁၇နှစ်အထိ(ကျောင်းသား၊ကျောင်းသူများဖြစ်ရမည်) အထက်တန်းနှင့်တက္ကသိုလ်အဆင့်အထိကျောင်းသား၊ ကျောင်းသူများ
Catagory B = အသက် ၁၈ နှစ်နှင့်အထက် (Open to all)

(ခ) ဝင်ကြေးမရှိပါ။

(ဂ) မိမိနိုင်ငံတွင်း၌ ရိုက်ကူးထားသော Original ပုံ ဖြစ်ရမည်။ အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ဆုရထားဖူးသော ပုံများမဖြစ်ရ။

(ဃ) အာဆီယံအကြောင်းအရာ (ASEAN message) ကို အထူးဖော်ပြသောပုံများဖြစ်ရမည်။

(င) 8" x 10" (205 mm x 255 mm) ရောင်စုံဓာတ်ပုံကို 35 mm Camera ဖြင့် ရိုက်ထားသော Negative ပူးတွဲ၍ တင်သွင်းရမည်။ တင်သွင်းသော Negative သည် မူရင်းဖြစ်ရမည်။
(ကွန်ပျူတာဖြင့် ပြုပြင်ဖန်တီးထားမှုမဖြစ်စေရ)

(စ) ပြိုင်ပွဲဝင်တစ်ဦးလျှင် ဓာတ်ပုံလေးပုံအထိ တင်သွင်းနိုင်သော်လည်း တစ်ပုံသာ ဆုရပိုင်ခွင့်ရှိသည်။

(ဆ) ပြိုင်ပွဲဝင်ပုံအသီးသီး၏နောက်ကျောတွင် အောက်ပါအချက်များ ပူးတွဲပါရှိရမည်-

- ဓာတ်ပုံ၏ အကြောင်းအရာ (Title or Caption)
- ဓာတ်ပုံ၏ အကြောင်းအရာနှင့် ထူးခြားချက်ကို အတိုချုပ်ဖော်ပြချက် (Short annotation) (စာလုံးရေ ၅၀ မှ ၁၀၀ အတွင်း)
- ဓာတ်ပုံရိုက်ကူးခဲ့သော နေရာနှင့်ရက်စွဲ
- ဓာတ်ပုံဆရာ၏ နာမည်အပြည့်အစုံ၊ လူမျိုးနှင့်လိပ်စာ
- ပြိုင်ပွဲဝင်သူ၏ Passport Size ဓာတ်ပုံသုံးပုံ(နောက်ကျောတွင်အမည်ရေး၍)
- Category A အတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ အသက်ထောက်ခံချက် ပူးတွဲပါရှိရမည်။

(ဇ) ပြိုင်ပွဲဝင်ဓာတ်ပုံများအပ်နှံသည့်နေရာတွင် ပြိုင်ပွဲဝင်သူမှ Application Form ကို တစ်ပါတည်း ရေးသွင်းပေးထားခဲ့ရမည်။

၅။ **တင်သွင်းရမည့်ရက်** (Closing Date) **နှင့် ပေးပို့ရန်လိပ်စာ**

အောက်ပါလိပ်စာသို့ ၁၂-၁၀-၂၀၀၄ရက်(အင်္ဂါနေ့)ညနေ ၁၇:၀၀နာရီ နောက်ဆုံးထား၍ ပေးပို့ရမည်။
ဦးထွန်းမင်း (ညွှန်ကြားရေးမှူး)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၂၅၂၄၅၇

၆။ **ဆုချီးမြှင့်ခြင်း**

(က) ပြည်တွင်းဆု (National Level)

- Catagory A = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၂၀၀ စီ ချီးမြှင့်မည်။
- Catagory B = အကောင်းဆုံးဓာတ်ပုံ ငါးပုံကို **FEC** ၈၀၀ စီ ချီးမြှင့်မည်။

(ခ) **ဒေသဆိုင်ရာဆု** (Regional Level)

| | | | | |
|---|---|---|---|---|
| – Catagory A | = | ပထမဆု | **FEC** | ၈၀၀ |
| | | ဒုတိယဆု | **FEC** | ၆၀၀ |
| | | တတိယဆု | **FEC** | ၄၀၀ |
| | | အထူးဆုနှစ်ဆု | **FEC** | ၃၅၀ စီ။ |
| – Catagory B | = | ပထမဆု | **FEC** | ၂၀၀၀ |
| | | ဒုတိယဆု | **FEC** | ၁၅၀၀ |
| | | တတိယဆု | **FEC** | ၁၀၀၀ |
| | | အထူးဆုနှစ်ဆု | **FEC** | ၇၅၀ စီ။ |



**အောက်တိုဘာ ၃ရက်က သဃ်န်းကျွန်းမြို့နယ် မီးသောကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်ဥက္ကဋ္ဌဦးစောသိန်း၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်သန်းဦး၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့မှ တပ်ခွဲမှူးထွန်းအေးနှင့် အရန်သန္နေတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့ င/က ရပ်ကွက် စံချိန်သစ်လမ်း ကမ္ဘာ့သစ်ပဲသန့်စင် စက်လုပ်ငန်းခွင်သို့ သွားရောက်ပြီး မီးသောကြိုတင်ကာကွယ်ရေးပစ္စည်းများ လိုက်လံစစ်ဆေးကြရာ လုပ်ငန်းပိုင်ရှင် ဦးစိုးအောင်က ရှင်းလင်းတင်ပြစဉ်။**

(၀၅၂)

# ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးအား ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ကြမည်

ဇလွန် အောက်တိုဘာ ၃

**ဇလွန်မြို့ မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးအား စတုဒသမအကြိမ် (၁၄ကြိမ်) မြောက် ဆီမီး ၉၀၀၀၊ ပန်း ၉၀၀၀၊ ရေချမ်း ၉၀၀၀ ကပ်လှူပူဇော်ပွဲကို ၁၃၆၆ ခု သီတင်းကျွတ်လဆန်း ၁၄ ရက်၊ သီတင်းကျွတ်လပြည့်နေ့နှင့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၇၊ ၂၈ နှင့် ၂၉ ရက်များ)တွင် ည ၇ နာရီမှစတင်၍ ဆီမီး၊ ဖယောင်းတိုင်၊ လျှပ်စစ်ရောင်စုံမီးများ ပူဇော်လှူဒါန်းကြမည်ဖြစ်သည်။**

### ဆက်ကပ်လှူဒါန်းမည်

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားကြီးအား အမှူးထားပြီး ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဂိုဏ်းပေါင်းစုံ သံဃာတော် အရှင်သူမြတ်များကို အရုဏ်ဆွမ်း၊ နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်သည်။

ပါဝင်ကုသိုလ်ယူ လှူဒါန်းလိုသော အလှူရှင်များသည် ဦးကျော်စိုး၊ ဦးကျော်မိုး (ရွှေပန်းထိမ်လုပ်ငန်း) အမှတ် ၁၂၈၊ ၂၉လမ်း(အလယ်) ရန်ကုန်မြို့၊ ဦးအုန်းချို (ပဒေသာပုံနှိပ်တိုက်) အမှတ် ၁၀ ကုန်သည်လမ်း၊ ဇလွန်မြို့ ဖုန်း၀၄၄–၇၀၁၄၃၊ ဦးစိုးပိုင်(လှဒေဝီထမင်းဆိုင်) ဗိုလ်ချုပ်လမ်း ဘုရားကြီးရှေ့ ဇလွန်မြို့ ဖုန်း–၀၄၄–၇၀၂၂၉တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



**၂၀၀၃–၂၀၀၄ ပညာသင်နှစ် အထက (၂) မော်ဘီ၏ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် တက္ကသိုလ်ဝင်တန်း လေးဘာသာ ဂုဏ်ထူးရှင် မောင်ပြည့်စုံအား တပ်နယ်မှူးက ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။** (က–ပ)

**ကျိုင်းတုံမြို့သာယာလှပရေးအတွက် စက်တင်ဘာ ၂၃ ရက်က ကျိုင်းတုံမြို့ မြန်မာ့လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းရုံးရှေ့လမ်းအကျယ် လေးပေ၊ အရှည်ပေ ၁၄၀၀ ကတ္တရာလမ်း တိုးချဲ့ခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင် သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာဦးဉာဏ်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)



# ကျိုက္ခမီ အထက်တန်းကျောင်း ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲ

**ကျိုက္ခမီ စက်တင်ဘာ ၃၀**

သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း၏ ရွှေရတုသဘင်အကြိုပွဲတော်နှင့် ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကို လာမည့် ၂၀၀၅ခုနှစ် ဒီဇင်ဘာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရေးအတွက် ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၃ရက်က ကျိုက္ခမီမြို့ အထကအစည်းအဝေးခန်းမတွင် ကျင်းပသည်။ ရှေးဦးစွာ ညှိနှိုင်း အစည်းအဝေးတွင် ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ပူဇော်ပွဲကျင်းပရေးကော်မတီနာယက ဒေါ်မြမြအေးက အဖွင့်အမှာစကားပြောသည်။

ရွှေရတုသဘင်ပွဲတော်နှင့် မြတ်ဆရာပူဇော်ပွဲကျင်းပရေးအတွက် အပူဇော်ခံ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများသည် ကျိုက္ခမီမြို့ အထက (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြအေး ဖုန်း–၀၅၇–၅၂၇၈၂၊ ၀၅၇–၂၄၃၃၃၊ အတွင်းရေးမှူး ဦးအောင်သန်း၊ ကျောင်းသားဟောင်း ဦးလှကြည်၊ ဦးသိန်းဝင်း၊ ဦးငွေဝင်း (ကိုဝင်းပုံနှိပ်တိုက်၊ ကျိုက္ခမီ) ဖုန်း–၀၅၈–၇၁၁၆၁၊ ရန်ကုန်မြို့ (နေလစာပေ) ဦးလွင်သိန်း ဖုန်း–၀၁–၇၀၃၈၂၃၀၁–၅၇၁၁၆၁နှင့်ဒေါက်တာ ခိုင်စိုးဝင်း(ရန်ကုန်) ဖုန်း–၀၁–၅၇၀၀၀၆၊ ၀၁–၃၇၈၈၆၃တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

**စက်တင်ဘာ ၇ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



# စက်ရေတွင်းတူးဖော်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးညှင်း စက်တင်ဘာ ၂၀**

မိုးညှင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင်ဝင်းသည် ၂၀၀၃–၂၀၀၄ဘဏ္ဍာရေးနှစ် အတွင်း ကျေးလက်ရေပေးရေး ၁၀ နှစ်စီမံကိန်းအရ ဆောင်ရွက်သည့် ပင်းဟဲကျေးရွာ လေးလက်မစက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၁ ရက်က ကွင်းဆင်းစစ်ဆေးသည်။

### ဂါလန် ၂၅၀၀ ထွက်ရှိ

အဆိုပါစက်ရေတွင်း ရေထွက်နှုန်းသည် တစ်နာရီလျှင် ရေဂါလန်၂၅၀၀ ထွက်ရှိသည်။ **(မြို့နယ်စည်ပင်)**

# သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ပေါက်ခေါင်းမြို့နယ်တွင် ကျင်းပ

**ပေါက်ခေါင်း အောက်တိုဘာ ၃**

သဘာဝ ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြောပွဲအခမ်းအနားကို စက်တင်ဘာ ၂၉ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အိုးဘိုကုန်း အလကခန်းမတွင်ကျင်းပသည်။

### တက်ရောက်

အခမ်းအနားသို့ ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ပေါက်ခေါင်းမြို့နယ် ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းဝင်းက သဘာဝ ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ ပညာပေးဟောပြောကြောင်း သိရသည်။ **(အောက်ပုံ)** **(က–ပ)**





# လေယာဉ်ကွင်းဖြတ်လမ်းကျောက်ခင်း

**မြိုင်–ပခုက္ကူ လေယာဉ်ကွင်းဖြတ်လမ်းကျောက်ခင်းခြင်းလုပ်ငန်းခွင်ကို စက်တင်ဘာ ၄ ရက်က ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမောင်မောင်ညွှန့်၊ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)



## မြန်မာ့အသံ

**၈–၁၀–၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ အာဋာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပညာရှင်အဆင့် အမျိုးသားများ လေ့လာနိုင်ရန် (ဓမ္မပူဇာတေး)

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းဌာနများ (သနပ်ခါးနှင့် မိတ်ကပ်နည်းပညာဖြင့်ပေါင်းစပ်ထုတ်လုပ်ခြင်း အကြောင်း)

၁၁:၃၅ သုတရေးရာဖြေကြားလွှာ

၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင်–ကညွှတ်ပင်)

၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (ခေါင်းအုံးအောက်ကစောင်)

၁၃:၁၀ ကမ္ဘာ့ဂီတ

**ညနေပိုင်း**

၁၆:၂၀ ကျေးလက်ဓာတ်လမ်း(ရွှေအလား)

၁၇:၃၀ မေတို့ရေးရာသိမှတ်စရာ (အမျိုးသမီးဆိုတာ အမေမျိုးကွယ့် အားကိုးထိုက်သူဖြစ်ပေတယ်–ဒေါက်တာမတင်ဝင်း)

၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (အသားစားသင့် မစားသင့်–ဒုတိယပိုင်း–မောင်ဆုရှင်)

၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (အောင်စေကာလပေါ်အဖွဲ့)

# ကမ္ဘာ့ တစ်လွှား အားကစား

## ထိုင်းအိုးပင်းတင်းနစ်ပြိုင်ပွဲ ရိုဂျာဖက်ဒါရာ ဗိုလ်စွဲသွားပြန်

**ဗန်ကောက် အောက်တိုဘာ ၆**

ဆွစ်ဇာလန်နိုင်ငံသား ရိုဂျာဖက်ဒါရာသည် အမေရိကန်နိုင်ငံသား အင်ဒီရော့ဒစ်ခ်ကို ၆-၄၊ ၆-၀ဖြင့် နိုင်ကာ ထိုင်းအိုးပင်းတင်းနစ်ဖလားကို တနင်္ဂနွေနေ့က ဆွတ်ခူးရရှိသွားခဲ့သည်။

မိမိသည် ထိုင်းကိုရောက်ရှိလာပြီးနောက် ဘာဆုကိုမှ မမျှော်လင့်မိပါကြောင်း ဖက်ဒါရာက ပြောသည်။ ၎င်းသည် ပြီးခဲ့သည့်လက ယူအက်စ်အိုးပင်း ချန်ပီယံ ဖြစ်ပြီးနောက် ယင်းပြိုင်ပွဲကို အလွယ်တကူပင် အနိုင်ရဗိုလ်စွဲခဲ့ခြင်းပင်ဖြစ်သည်။ မိမိသည် ယခုနှစ်အတွင်း ဖလားဆယ်လုံးရရှိနိုင်သည်ကို မယုံကြည်မိကြောင်း၊ ယင်းသို့ အောင်မြင်မှု ရရန် ဆက်လက်ကြိုးစားသွားမည် ဖြစ်ကြောင်း၊ အလွန်ပင် ဝမ်းသာ ပီတိဖြစ်ရ ကြောင်း ၎င်းက ဆက်လက်ပြော ကြားသည်။

အဆိုပါ ဆွစ်ဇာလန်နိုင်ငံသားသည် ညာဘက်တံတောင်ဒဏ်ရာရနေသော ရော့ဒစ်ခ်ကို ဒုတိယအကျော့ပွဲပြတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ဂျွန်မက်အင်ရိုးနှင့် ဘီဂျွန်းဘောဂျ်တို့ပြီးနောက် ၁၂ ပွဲဆက်တိုက် ဗိုလ်လုပွဲများသို့ တက်ရောက်နိုင်သည့် ပထမဆုံးတင်းနစ် အကျော်အမော်တစ်ဦး ဖြစ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**



**ထိုင်းမင်းသမီး ယူဘော်ရတ်တနာက ကမ္ဘာ့နံပါတ် (၁) တင်းနစ်အားကစားသမား ရိုဂျာဖက်ဒါရာအား ထိုင်းအိုးပင်းတင်းနစ်ဆုဖလားကြီးကို ပေးအပ်စဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ချန်ပီယံအာဆင်နယ်အသင်း ရှုံးပွဲမရှိစံချိန်တင်ထားဆဲ

**လန်ဒန် အောက်တိုဘာ ၆**

အာဆင်နယ်အသင်း မန်နေဂျာ အာဆင်ဝင်းဂါးက သူ၏ အသင်းသားဖြစ်သူ တိုက်စစ်မှူး ဟင်နရီအား စနေနေ့က ကစားခဲ့သည့် ချယ်လ်တန်နှင့်ပွဲတွင် နှစ်ဂိုးသွင်းပေးသည့်အတွက် ချီးကျူးစကား ပြောဆိုလိုက်သည်။

အာဆင်နယ်သည် ထိုနေ့က ချယ်လ်တန်အသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ အာဆင်နယ်သည် ဗုဒ္ဓဟူးနေ့က ချန်ပီယံလိဂ်ပြိုင်ပွဲအဖြစ် ရိုစင်ဘော့ဂ်နှင့် ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီးနောက် ဟိုက်ဘူရီကွင်း၌ ပြိုင်ဘက်ချယ်လ်တန်ကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်သည် အင်္ဂလိပ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် ၂၂မှတ်ရရှိကာ ငါးမှတ်အသာဖြင့် ထိပ်ဆုံးမှဦးဆောင်လျက်ရှိသည်။ ယင်းအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲ ၄၈ပွဲကစားခဲ့ပြီး ရှုံးပွဲမရှိသောအသင်းဖြစ်ကြောင်း ဝင်းဂါးက ပြောကြားခဲ့သည်။ ယခုနှစ် ဘောလုံးရာသီတွင် ပရီမီယာလိဂ်ရှစ်ပွဲကစားခဲ့ပြီးချိန်၌ ၂၆ဂိုး သွင်းထားသည်။ ယင်းဂိုးများအနက် ဟင်နရီက ခုနစ်ဂိုး၊ ရေးယက်စ်က ခြောက်ဂိုးသွင်းယူထားသည်။

**အမ်အင်အေ၊ရိုက်တာ**

## အိုင်ဘီအက်ဖ်ဂျူနီယာမစ်ဒယ်ဝိတ်တန်း ယူဂန္ဒာနိုင်ငံမှ ကျူမာချန်ပီယံဖြစ်လာ

**နီဗားရား အောက်တိုဘာ ၆**

အမေရိကန်နိုင်ငံ နီဗားရားပြည်နယ် လက်စ်ဗီးဂတ်စ် မြို့၌ အိုင်ဘီအက်ဖ်ဂျူနီယာမစ်ဒယ်ဝိတ်တန်း ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲကို အောက်တိုဘာ ၂ရက်က ကျင်းပသည်။ အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် ယူဂန္ဒာမှ ကာစင်ကျူမာနှင့် ဒင်ဗာမှ ဗာနီဖီးလစ်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ၁၁ချီအပြီးတွင် ကျူမာအား ဒိုင်ပွဲရပ်ဖြင့် အနိုင်ပေးလိုက်ရသည်။ **(ယာပုံ)** **(အင်တာနက်)**



## ဂျာမနီ ဘွန်ဒက်စ်လီဂါဖလား ဝုဖ်ခ်ဘတ်အသင်း ဇယားထိပ်သို့ရောက်ရှိ

ဘာလင် အောက်တိုဘာ ၆

**ဂျာမနီဘွန်ဒက်စ်လီဂါ ဘောလုံး ပြိုင်ပွဲများကို စနေနေ့က ကျင်းပခဲ့သည်။ ကိုင်ဇာစလော့တန်နှင့် ဟာသာဘာလင်အသင်းတို့ပွဲတွင် ဟာသာဘာလင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဟာသာဘာလင်သည် ယင်းပွဲနိုင်လိုက်သဖြင့် နံပါတ် (၇) အဆင့်သို့ ရောက်ရှိလာသည်။**

ဖရိုင်းဘတ်နှင့် မိန့်ဇ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် မိန့်ဇ်ကနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဒေါ့မွန်နှင့် နူရင်ဘတ်အသင်းတို့ပွဲတွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားသည်။ လေဗာကူဆင်အသင်းနှင့် ဟမ်းဘတ်အသင်းတို့ပွဲတွင် လေဗာကူဆင်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

**ဇယားထိပ်တွင်ရပ်တည်**

ဝုဖ်ခ်ဘတ်အသင်းနှင့် ဂလာဘတ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာတွင် ဝုဖ်ခ်ဘတ်ကနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဝုဖ်ခ်ဘတ်အသင်းသည် ခုနစ်ပွဲကစားပြီး ခြောက်ပွဲနိုင်ကာ ဇယားထိပ်တွင် ရပ်တည်လျက်ရှိသည်။

ဝုဖ်ခ်ဘတ်အသင်းအတွက် ၁၃ မိနစ်တွင် အာဂျင်တီးနား ကွင်းလယ်ကစားသမား အလက်ဆန်ဒရိုက ဖွင့်ဆော်ဦးဂိုး သွင်းပေးခဲ့သည်။ ယင်းဂိုးသွင်းပြီး နှစ်မိနစ်အကြာတွင် တိုက်စစ်မှူး အိုလီဗာနူးဗယ်လီက ဂလာဘတ်ချ်အသင်းအတွက် ချေပဂိုး သွင်းယူခဲ့သည်။ ဝုဖ်ခ်ဘတ်အသင်းအတွက် အနိုင်ဂိုးကို နောက်တန်းလူ အသင်းခေါင်းဆောင် စတီဗင်ရှက်နိုးက ခေါင်းတိုက်သွင်းယူခဲ့သည်။

ရော့စတာနှင့် ဟန်နိုဗာအသင်းတို့ ယှဉ်ပြိုင်ကြရာတွင် ဟန်နိုဗာအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**အမ်အင်အေ၊ရိုက်တာ**

## စီးရီးအေဘောလုံးပြိုင်ပွဲ ဂျူဗင်းတပ် နိုင်ပွဲဆက်

**မီလန် အောက်တိုဘာ ၆**

ဂျူဗင်းတပ်နှင့် ချန်ပီယံအေစီမီလန်အသင်းတို့သည် တနင်္ဂနွေနေ့က စီးရီးအေပြိုင်ပွဲများတွင် အနိုင်ရရှိခဲ့ကြသည်။

မက်ဆီနာအသင်းသည် ဆီယင်နာအသင်းအား လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မီလန်အသင်းက ရာဂျီးနားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဂျူဗင်းတပ်အသင်းသည် အူဒီးနိစ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ငါးပွဲကစားကာ လေးပွဲအနိုင်ရရှိသည့် အသင်းဖြစ်သည်။

မက်ဆီနာအသင်းသည် ဂျူဗင်းတပ်နောက်မှ ၁၁မှတ်ဖြင့် ဒုတိယနေရာမှလိုက်နေသည်။ လာဇီယိုအသင်းသည် အတ္တလန်တာအသင်းကို တစ်ဂိုးစီ သရေကစားခဲ့သည်။ ပါးမားနှင့် ဖီအိုရင်တီနာပွဲသည် ဂိုးမရှိ သရေဖြင့် ပွဲသိမ်းခဲ့ရသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဒိုက်ဦးမြို့ ကန်ဦးအခြေခံပညာအထက်တန်းကျောင်း ပထမအကြိမ် ပညာသင်စရိတ်ထောက်ပံ့

**ဒိုက်ဦး အောက်တိုဘာ ၅**

ဒိုက်ဦးမြို့ ကန်ဦးအထက်တန်းကျောင်း ပထမအကြိမ်(၂၀၀၄-၂၀၀၅) ခုပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉နာရီက ဒိုက်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း အောင်ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်စိန်၊ ကျောင်းအကျိုးတော်ဆောင် နာယက ဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် သံလွင်လမ်းနေ ဒေါ်ရီရီလှမိသားစုက ပညာသင်စရိတ် ထောက်ပံ့ရေးအတွက် အလှူငွေကျပ်တစ်သိန်းကို ဘဏ္ဍာရေးမှူးဦးကျော်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ ကျောင်းများမှ ကျောင်းသားကျောင်းသူ ၁၆ ဦးတို့အား ပညာသင်စရိတ်ထောက်ပံ့ငွေ စုစုပေါင်း ကျပ်နှစ်သိန်းကို ကန်ဦးအထက်တန်းကျောင်း ရွှေရတုကျောင်းသားများအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သိန်းအောင် **(အောက်ပုံ)**၊ ဒေါက်တာ ခင်အောင်နှင့် ဦးဝင်းစိန်တို့က ပေးအပ်ကြသည်။ **(က-ပ)**



# အမြို့မြို့ အနယ်နယ် သတင်းများ



**စက်တင်ဘာ ၂၄ရက်က မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ နဝဒေးလမ်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က လမ်းပေါက်ဖာထေးမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦးနှင့် ပြည်နယ် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလှိုင်တို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစတင့်ဝေတို့က ရှင်းလင်းတင်ပြကြစဉ်။**

(မြို့နယ်စည်ပင်)

**စက်တင်ဘာ ၁၇ရက်က စစ်ကိုင်းတိုင်း ခန္တီးမြို့ မြို့အဝင်ဆိုင်းဘုတ်တွင် မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးလှမိုး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



**စက်တင်ဘာ ၁၈ရက်က မကွေးမြို့ ပြည်တော်သာလမ်း လမ်းဘေးဝဲယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မကွေးမြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ စုပေါင်းရှင်းလင်းပြီး အမှိုက်များ ဆယ်တင်ဆောင်ရွက်မှုကို မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)





## ဝါးခယ်မမြို့နယ် ထူးချွန်ကျောင်းသားများဆုချီးမြှင့်

**ဝါးခယ်မ စက်တင်ဘာ ၂၃**

ဝါးခယ်မမြို့နယ်တွင် ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား သင်ကြားပေးသည့် ဆရာ၊ ဆရာမများနှင့် ဧရာဝတီတိုင်း ဘက်စုံစံပြဆုရကျောင်းများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၅ရက်က ရွှေခယ်သီရိအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အထက(၂)ကျောင်းသူ ကျောင်းသားများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ ဖွင့်လှစ်ပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းငွေက ဆုပေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ညွန့်ညွန့်ရီက ပညာရေးဝန်ကြီးဌာန၏ ပညာရေးမျှော်မှန်းချက်များကိုလည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအံ့ကျော်က ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ) **(၃၇၆)**



## နေပြည်တော်မြို့နယ်တွင် သံဃာ့ဒါန ဆွမ်းလောင်းပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၄**

နေပြည်တော်မြို့နယ်အတွင်းရှိ ရဟန်းသံဃာတော်များနှင့် သီလရှင်များအား သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို စက်တင်ဘာ ၁၂ရက် နံနက် ၄နာရီက နေပြည်တော်မြို့ ပုညကုသလအသင်း (မင်းပိုင်း) ဆွမ်းလောင်း ဓမ္မာရုံကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ဗိုလ်မှူးအောင်ကျော်ဦးတို့ ဦးဆောင်သော တပ်ဖွဲ့ဝင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များမှ အမှုဆောင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မြို့နယ်အတွင်းရှိ စာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ ရဟန်းသံဃာ ၈၆၂ပါးနှင့် သီလရှင် ၇၁ပါးတို့အား သံဃာ့ဒါန အရဏ်ဆွမ်းလောင်းလှူကြသည်။ (အပေါ်ပုံ)**(၀၁၅)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာခို့**



**မြို့သာယာလှပရေးအတွက် မော်လမြိုင်မြို့ အထက်လမ်းမလမ်းကြား မောင်ငံရပ် ဝန်ထမ်းအိမ်ရာဝင်းရှေ့လမ်းဘေးဝဲယာ၌ ဘဲစားမြက်များနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းကို စက်တင်ဘာ ၂၅ရက်က အမှုဆောင်အရာရှိ ဦးလှမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာမှူး ဦးသိန်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



**မူဆယ်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝလှပရေးအတွက် မူဆယ် မြို့အဝင်ဆိုင်းဘုတ် ပတ်ဝန်းကျင်၌ ပျိုးဥယျာဉ် ဝန်ထမ်းများ မြက် ခင်း အလှပြုပြင်မှုနှင့် ပန်းပင်များ စိုက်ပျိုးမှုကို စက်တင်ဘာ ၂၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

## ပဲခူးတိုင်းတရားရုံး စာရေးဝန်ထမ်းများ လုပ်ငန်းခွင်ရက်တို မွမ်းမံသင်တန်းဖွင့်

**ပဲခူး အောက်တိုဘာ ၄**

ပဲခူးတိုင်း တရားရုံး၏ ကြီးကြပ်မှုဖြင့် ပဲခူးခရိုင်တရားရုံးမှ ကြီးမှူးဖွင့်လှစ်သည့် ပဲခူးခရိုင် ရှစ်မြို့နယ် ပဲခူး၊ ကဝ၊ ဝေါ၊ သနပ်ပင်၊ ဒိုက်ဦး၊ ညောင်လေးပင်၊ ကျောက်တံခါးနှင့် ရွှေကျင်မြို့နယ်များ အပါအဝင် ပဲခူးတိုင်းတရားရုံးရှိ စာရေးဝန်ထမ်းများ၏ လုပ်ငန်းခွင်ရက်တို မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂ရက် နံနက် ၉နာရီက ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း တရားသူကြီး ဦးဝင်းတင်၊ တွဲဖက်တိုင်းတရားသူကြီး ဦးတင်မွေး၊ ခရိုင်တရားသူကြီး ဦးကျော်လင်းမောင်နှင့် တရားသူကြီးများ တက်ရောက်ကြပြီး၊ ပဲခူးတိုင်း တရားသူကြီး ဦးဝင်းတင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၇၄ဦး တက်ရောက်ကြသည်။

**(အောက်ပုံ) (၁၇၈)**



## မျိုးဆက်ပွား ကျန်းမာရေးဆရာဖြစ် သင်တန်းဖွင့်

**တာချီလိတ် စက်တင်ဘာ ၂၂**

တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းခန်းမတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ မျိုးဆက်ပွားကျန်းမာရေးစီမံချက် မြို့နယ်အဆင့် ဆရာဖြစ် ဆင့်ပွားသင်တန်း (၁/၂၀၀၄) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၁ ရက်ကကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းသင်းရည်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး နာယက ဒေါ်သူသူမင်းစံ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်တင်တင်လှနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်က အဖွင့်အမှာစကားပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**



**စက်တင်ဘာ ၂၃ ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်သော ရွှေပျောက်ကျေးရွာ အုပ်စု ဆေးဘိုဝ ကျေးရွာ ကျေး လက်အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရန်ကုန်တိုင်းစည်ပင်သာယာရေး အဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဇော်သန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်တင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမင်းတို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ်စည်ပင်)

## စာကြည့်တိုက်များဖွင့်၊ စာအုပ်များလှူဒါန်း

**ရွှေဘို စက်တင်ဘာ ၂၃**

ရွှေဘိုခရိုင် ပညာရေးမှူးရုံး၌ စက်တင်ဘာ ၈ရက်က နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂ စာတတ်မြောက်ရေးနှစ် ဆယ်စုနှစ် အထိမ်းအမှတ် ရပ်ရွာပညာပဒေသာဌာနနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲများ ကျင်းပသည်။

**လက်ခံရယူ**

စာအုပ်လှူဒါန်းပွဲ အခမ်းအနားတွင် အခြေခံပညာကျောင်း အသီးသီးမှ စုပေါင်းလှူဒါန်းသော ဘာသာရေး စာအုပ် ၁၂၅အုပ်၊ မဂ္ဂဇင်း ၄၃အုပ်၊ ဝတ္ထု ၁၄အုပ်၊ ဂျာနယ်စာစောင် ၅၄၈ စောင်၊ ကာတွန်းရုပ်စာအုပ် စုစုပေါင်း စာအုပ်၊ စာစောင် ၇၃၈အုပ်ကို ခရိုင်ပညာရေးမှူး ဦးလှဝင်းက ပေးအပ်လှူဒါန်းရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်က လက်ခံရယူသည်။

**(ခရိုင် ပြန်/ဆက်)**



**သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် သူငွေးကွင်း စံပြကျေးရွာတွင် ဆောင်ရွက်သော ကျေးရွာစာကြည့်တိုက်၊ ဆေးပေးခန်းနှင့် ကျေးရွာဈေး တည်ဆောက်မှု လုပ်ငန်းကို အောက်တိုဘာ ၂ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးတင်ငွေးနှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။** (ခရိုင် ပြန်/ဆက်)

# ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အမှန်ရသင့်ရထိုက်သူများကိုသာ ထိုက်တန်သည့်ဆုချီးမြှင့်နိုင်ရန် စီမံဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၆

မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အက နှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊

စာမျက်နှာ ၉ ကော်လံ ၁ ■






ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ အာရှဒေသလယ်ယာကဏ္ဍ ရေရှည်အကျိုးဖြစ်ထွန်းမည့် အစီအစဉ်များဆွေးနွေး နှစ်ဦးနှစ်ဖက်စိတ်ဝင်စားသည့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၆

**မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အရှေ့အာရှဆွေးနွေးဖက် သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ စတင်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။** (ဝဲအောက်ပုံ)



**တက်ရောက်**

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာ အဆင့်မြင့် အရာရှိ အဖွဲ့ခေါင်းဆောင်များနှင့်

စာမျက်နှာ ၁၀ ကော်လံ ၁ ●

# ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန်ကြေညာ

ရန်ကုန် အောက်တိုဘာ ၆

၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့ကြသော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့် လျှောက်ထားရမည့် ပုံစံများကို အောက်တိုဘာ ၈ ရက်မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာများကို အောက်တိုဘာ၈ရက်မှ အောက်တိုဘာ ၂၂ ရက်အထိ စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ)အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)သို့ တိုက်ရိုက်လျှောက်ထားနိုင်သည်။ အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၀၃၁၄၇၊ ၅၃၇၆၇၇၊ ၅၂၅၆၁၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကမ္ဘာတစ်လွှားထူးထူးခြားခြား



### နားရွက်တစ်ဖက်ဖြင့် ကားကိုချိတ်ဆွဲပြ

တရုတ်နိုင်ငံ ဟီဘေပြည်နယ်မှ လီကျင်ဟွာဆိုသူသည် ကီလိုဂရမ် ၃၈၀၉ အလေးချိန်ရှိသော ကားကို ကီလိုမီတာ ၂၀ထိရောက်အောင် သူ၏ နားတစ်ဖက်တည်းဖြင့်ချိတ်ဆွဲပြခဲ့ရာ ကမ္ဘာတွင် နားရွက်တစ်ဖက်တည်းဖြင့် အလေးဆုံး အရာဝတ္ထုကိုအဝေးဆုံးရောက်အောင် ဆွဲနိုင်ခဲ့သူဖြစ်လာခဲ့သည်။ **(ဝဲပုံ)**မှာ ရှန်ဟိုင်းမြို့တွင် လီက သူ၏ ယာဉ်ဘက်နားရွက်ဖြင့် ကားကို ဆွဲပြနေပုံဖြစ်သည်။ **(ဓာတ်ပုံ-အင်တာနက်)**

### ရောမကိတ်မုန့်ကြီး

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကိတ်မုန့်ဖုတ်သူ နီလာဆရီဆိုသူသည် အကျယ် ၈၆ မီတာ၊ အမြင့် ၅မီတာရှိသော ရောမကိတ်မုန့်ကြီးကို ပြုလုပ်ပြသခဲ့သည်။ ထိုကိတ်မုန့်ကြီးပြုလုပ်ရန် သကြားတစ်တန်ကျော်၊ ဂျုံပေါင် ၁၀၀၀၊ ထောပတ် ပေါင် ၉၀၀ နှင့် ကြက်ဥအလုံးပေါင်း ၁၂၀၀၀ ကို အသုံးပြုခဲ့သည်။ **(ယာပုံ)** **(ဓာတ်ပုံ-အင်တာနက်)**

